ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့ (28-12-2011) (ဖြ ၈၇)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

**လေဆိပ်၊ ရေဆိပ် ဝင်ပေါက်၊ထွက်ပေါက်များ၊ နယ်စပ် ဝင်ပေါက်၊ ထွက်ပေါက်များ၌ e-visa စနစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် on line & Internet တပ်ဆင်အသုံးပြုမှုနှင့် ကော့သောင်းဒေသ ရွက်လှေခရီးစဉ်၊ ထားဝယ်၊ မြိတ်ဒေသ ခရီးစဉ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ဟိုတယ်ဇုန်များ တည်ဆောက်ရေးကိစ္စများနှင့်ပတ်သက်၍ လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။** (သတင်းစဉ်)

# နိုင်ငံခြားသားဧည့်သည်များ မြန်မာနိုင်ငံအတွင်းဝင်ရောက်ရာတွင် လွယ်ကူမြန်ဆန်ရေး e-visa စနစ်ဖြင့် ဖော်ဆောင်ကျင့်သုံးရန် စီစဉ်ဆောင်ရွက်လျက်ရှိ



နေပြည်တော် ဒီဇင်ဘာ ၂၇

**လေဆိပ်၊ ရေဆိပ်ဝင်ပေါက်၊ထွက်ပေါက်များ၊ နယ်စပ် ဝင်ပေါက်၊ ထွက်ပေါက်များ၌ e-visa စနစ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် on line & Internet တပ်ဆင် အသုံးပြုမှုနှင့် ကော့သောင်းဒေသ ရွက်လှေခရီးစဉ်၊ ထားဝယ်၊ မြိတ်ဒေသခရီးစဉ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ဟိုတယ်ဇုန်များ တည်ဆောက်ရေးကိစ္စများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၁ နာရီတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။**

ပြည်ထောင်စုဝန်ကြီးကပြောကြားရာတွင် နိုင်ငံခြားသားဝင်ရောက်မှု လွယ်ကူအဆင်ပြေရေး ကော်မတီအနေဖြင့် နိုင်ငံခြားသားဧည့်သည်များ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ရာတွင် လွယ်ကူမြန်ဆန်မှုရှိစေရေး အတွက် e-visa စနစ်ဖြင့် ဖော်ဆောင်ကျင့်သုံးရန် စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း၊ လေဆိပ်၊ ရေဆိပ်ဝင်ပေါက်၊ထွက်ပေါက်များ၊ နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်များ၌ on line & Internet တပ်ဆင်၍ စမ်းသပ်အသုံးပြုမှု များ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားသား ဧည့်သည်များ ဝင်ရောက်လာပါက ဝင်/ထွက်ပေါက်များတွင် အဆင်ပြေ လွယ်ကူစေရေး၊ သယ်ယူပို့ဆောင်ရေးယာဉ်များ အဆင်ပြေရေး၊ ဟိုတယ် အခန်း လုံလောက်မှုရှိစေရေးနှင့် ပုဂ္ဂလိကဝန်ဆောင်မှုအဆင့်မြင့်မားရေး၊ စိတ်ဝင်စားဖွယ်ရာခရီးစဉ်သစ်များ ဖော်ထုတ်ရေးစသည့်လုပ်ငန်းစဉ်များ သည်လည်း အရေးကြီးကြောင်း၊ သို့ဖြစ်၍ ဟိုတယ်ဇုန်များ ထပ်မံ ဖော်ထုတ်တည်ဆောက်ရန်အတွက် ယခုအစည်းအဝေး တက်ရောက် လာကြသူများက ဝိုင်းဝန်းအကြံပေးဆွေးနွေးကြစေလိုကြောင်း၊ ပထမ ဦးစားပေးအနေဖြင့် CLMV လေးနိုင်ငံခရီးစဉ် တစ်ခုဖြစ်စေရေး အစီအစဉ်ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင် ညွှန်ကြားရေးမှူးတို့က လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော နယ်စပ် ဝင်ပေါက်၊ထွက်ပေါက် ဂိတ်တာဝန်ခံအရာရှိများနှင့် လုပ်ငန်းရှင်များ၊ Myanmar Ease Net Co.,Ltd. Managing Director ဦးကျော်မိုးနိုင် တို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံ များကို ရှင်းလင်းတင်ပြဆွေးနွေးကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

## ဆိုင်ကလုန်းမုန်တိုင်း "သိမ်း" မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များ အရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "သိမ်း" (THANE) သည် အိန္ဒိယ နိုင်ငံ ချင်းနိုင် (Chennai) မြို့၏ အရှေ့တောင်ဘက် မိုင် ၄၁၀ ခန့်အကွာ (မြန်မာနိုင်ငံ ပုသိမ်မြို့၏ အနောက်တောင်ဘက် မိုင် ၅၆၀ ခန့်အကွာ ကိုကိုး ကျွန်းမြို့၏ အနောက်တောင်ဘက်မိုင် ၅၂၀ ခန့် အကွာ) ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် ပိုမိုအားကောင်းလာနိုင်ပြီး မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက် ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

ဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ် သည်။

ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်း ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေ သည် တစ်နာရီလျှင် ၅၅ မိုင်မှ မိုင် ၆၀ အထိ တိုက် ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။(သတင်းစဉ်)

**ဂျူလ ဗာန်း ရာသီရောက်လာသည်နှင့် စာပေလောကသား တို့ လှုပ်ရှားလာကြသည်။ စာပေဟောပြောပွဲများ စည်ကား လာသည်။ "ပလ္လင်ဆောက်၍ ဂုဏ်မြှောက်ကြစို့" ဟု ဆရာဇော်ဂျီက ရေးသားခဲ့သည့်အတိုင်း ထူးခြားသည့်စာဆို တို့ကို ဂုဏ်ပြုချီးမြှောက်သည့်ကာလလည်း မည်ပါသည်။**

မောင်ဆွေငယ်၏ "စာပေဆုရာသီ ရောက်လေပြီမို့"

ဆောင်းပါး စာမျက်နှာ ➤ ၆

## သုံးစွဲမီတာယူနစ်များ မှန်ကန်စွာဖတ်ရှုနိုင်ရေး ပူးပေါင်းကူညီဆောင်ရွက်ပေး

ရန်ကုန် ဒီဇင်ဘာ ၂၇

**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလအတွက် သုံးစွဲမီတာယူနစ် ဖတ်ရှုခြင်းလုပ်ငန်းကို၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က ဆောင်ရွက်မည်ဖြစ်သည်။**

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ယခင် ၂၅ ကျပ်နှုန်းဖြင့် ကောက်ခံနေသော ဓာတ်အားသုံးစွဲသူ များအား ၃၅ ကျပ်နှုန်းသို့ လည်းကောင်း၊ ယခင် ကျပ် ၅၀ နှုန်းဖြင့် ကောက်ခံနေသော ဓာတ်အားသုံးစွဲသူများအား ၇၅ ကျပ်နှုန်းသို့ လည်းကောင်း၊ နိုင်ငံခြားငွေ အမေရိကန် ဒေါ်လာ ၀ ဒသမ ၀၈ နှုန်းဖြင့် ကောက်ခံနေသော ဓာတ်အားသုံးစွဲ သူများအား အမေရိကန်ဒေါ်လာ ၀ ဒသမ ၁၂ နှုန်း သို့လည်းကောင်း တိုးမြှင့်ကောက်ခံမည်ဖြစ်၍ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလအတွက် သုံးစွဲမီတာယူနစ် ဖတ်ရှုခြင်းလုပ်ငန်းသည် အရေးကြီးသောလုပ်ငန်းတစ်ရပ် ဖြစ်သည့်အလျောက် မီတာပြယူနစ် ဂဏန်းများကို မှန်ကန်စွာဖတ်ရှုရေး၊ စနစ်တကျရှိရေး၊ ပြည်သူများ စိတ်ချမ်းသာ ကျေနပ်မှုရှိရေးအတွက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အား ပေးရေးအဖွဲ့၏ တာဝန်ရှိသူ

**မီတာပြယူနစ် ဂဏန်းများကို မှန်ကန်စွာဖတ်ရှုရေး၊ စနစ်တကျရှိရေး၊ ပြည်သူများ စိတ်ချမ်းသာ ကျေနပ်မှုရှိရေးအတွက် စနစ်တကျ အလေးထားဆောင်ရွက်မည်။**

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍**

## ကြေးမုံစာတည်းရှုထောင့်

၂၈-၁၂-၂၀၁၁[ဗုဒ္ဓဟူးနေ့]။

# ဆောင်းမုန်တိုင်းနှင့် သတိပြုဖွယ်

ယခုရက်ပိုင်းတွင် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့၌ ဖြစ်ပေါ်နေသည့် ဆိုင်ကလုန်းမုန်တိုင်း "သိမ်း" သည် မြန်မာနိုင်ငံဘက်သို့ ဦးတည်လာမည့် အခြေအနေမရှိကြောင်း ကြားသိနေရသည်။ ကျွန်ုပ်တို့နိုင်ငံအတွက် ကံကောင်းပေစွ။ သို့သော် ကံကိုပုံချ၍မရ၊ ရိုက်ခတ်လာမည့်အန္တရာယ်များကို ကြိုတင်သတိပြုကြရမည်ဖြစ်သည်။

မုန်တိုင်းသည် ပိုမိုအားကောင်းလာမည်။ မုန်တိုင်းအရှိန်သည် ကျွန်ုပ်တို့နိုင်ငံအပေါ်သို့လည်း ကျရောက်လျက်ရှိသည်။ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးရွာသည်။ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာခဲ့သည်။ ထို့အပြင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်နိုင်သည်။ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်နှင့် မြေပြင်တွင် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၆၀ အထိ တိုက်ခတ်နိုင်သည်ဟု မိုးလေဝသမှဆိုထားရာ ဒေသခံပြည်သူများ သတိပြုရမည့်အချက်များပင်ဖြစ်သည်။

ယနေ့ကာလသည် ချမ်းအေးသောဆောင်းကာလဖြစ်သည်။ မြန်မာနိုင်ငံအောက်ပိုင်းတွင် မဆိုသာလှသော်လည်း အထက်ပိုင်းနှင့် တောင်တန်းဒေသများတွင် အအေးဒဏ်ကိုခံရသည်။ ဆောင်းတွင်းကာလ၌ ဘင်္ဂလားပင်လယ်အော်မှ မုန်တိုင်း၏အရှိန်ကြောင့် အအေးသည်ပိုမိုကဲလာမည်ဖြစ်သည်။ ပြည်သူများက ကျန်းမာရေးကို ဂရုစိုက်ကြရမည်။ ဆောင်းနှင့်အတူရောလာသောမိုးကို သတိပြုရမည်။ ဆောင်းသီးနှံများကိုလည်း အလေးထားရမည်။ နေပြည်တော်၊ မန္တလေးနှင့် ရန်ကုန်တွင် မိုးအနည်းငယ်။ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှလွဲ၍ ကျန်ဒေသအားလုံး မိုးရွာနိုင်သည်။

ကျန်းမာရေးအပြင် သီးနှံများကို အလေးထားရမည်။ ရိတ်သိမ်းချိန် ရိတ်သိမ်း၊ သိုလှောင်တန် သိုလှောင်ကြရမည်။ ရာသီဥတုသည် ကောင်းကျိုးလည်းရှိသည်။ ဆိုးကျိုးလည်းရှိသည်။ ပင်လယ်ကမ်းရိုးတန်းဒေသများအတွက်မူ မိုးလေကို သတိပြုကြရမည်။ မိုးလေဝသနှင့်ဇလဗေဒမှ အချိန်အခါမပြတ် သတိပေးလျက်ရှိသည်ကို သတိမူကြရမည်။ မိုးနှင့်လေသည် အစိုးမရ၊ မိမိတို့လုပ်ဆောင်ရမည်များကိုသာ ကြိုတင်ပြင်ဆင်လုပ်ကိုင်ကြရမည်။

မည်သည့် သဘာဝဘေးကိုမဆို ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။ ယနေ့နိုင်ငံတကာတွင်လည်း သဘာဝဘေးအန္တရာယ်များကို ကြုံတွေ့ခံစားနေကြရသည်ကို တွေ့မြင်ရသည်။ မိမိတို့နိုင်ငံတွင်လည်း ခံစားခဲ့ဖူးပြီ။ အရင်းအမြစ်ဆိုသည်မှာ ထူထောင်ရခက်ခဲသည်။ ထူထောင်ပြီးသားများကို မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည်။

ယခုကာလကြုံတွေ့ရသည့်ရာသီဥတုမှာ စိုက်ရေးပျိုးရေးနှင့် ကျန်းမာရေးအတွက်သတိပြုရမည်။ စိုက်ခင်း၊ ပျိုးခင်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရန် ပြင်ဆင်ရမည်။ ကျန်းမာရေးအတွက် မွေးကင်းစကလေးငယ်များ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ မကျန်းမာသူများနှင့် သက်ကြီးရွယ်အိုများကို ဦးစားပေးစောင့်ရှောက်ပေးရမည်။ ထို့ကြောင့် ဆောင်းရာသီနှင့် ဖြစ်ပေါ်နေသော မုန်တိုင်းကိုအကြောင်းပြု၍ လူတို့ ဆောင်ရန်၊ ရှောင်ရန် အချက်များအတိုင်း သတိပြုလိုက်နာဆောင်ရွက်ဖို့ တိုက်တွန်းနှိုးဆော်လိုက်ပါသည်။ ။

# ပညာသင်ဆုချီးမြှင့်ပွဲနှင့် ကွန်ပျူတာပေးအပ်လှူဒါန်းပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ပညာသင်ဆုချီးမြှင့်ပွဲနှင့် ကွန်ပျူတာပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာဝင်းမြင့်က ပညာသင်ဆု ချီးမြှင့်ရခြင်းနှင့် ကွန်ပျူတာလှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လက်ပံတန်းမြို့နယ်၌ အမှတ်အများဆုံး ရရှိခဲ့သော အထက(၁)မှ အဖ ဦးဝင်းရွှေ၏ သမီး မဆုဆုရွှေစင်အား ပညာရည်ချွန်ဆုကိုလည်းကောင်း၊ ဒုတိယအမှတ်အများဆုံး ရရှိခဲ့သော အထက(၁)မှ အဖ ဦးထွန်းမြင့်၏ သား မောင်ဝေဖြိုးအား ပညာသင်ထောက်ပံ့ကြေးဆုကိုလည်းကောင်း ပေးအပ်သည်။

ထို့နောက် အထက(၁)နှင့် အထက(၂)တို့သို့ ကွန်ပျူတာသုံးလုံးစီနှင့် အလက(မြို့မ)သို့ ကွန်ပျူတာနှစ်လုံး စုစုပေါင်း ကွန်ပျူတာ ရှစ်လုံးကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်ဒေါက်တာဝင်းမြင့်က ကျောင်းအုပ်ကြီးများထံ ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာဝင်းမြင့် လက်ပံတန်းမြို့နယ်ရှိ ကျောင်းများအတွက် ကွန်ပျူတာများ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**ရန်ကုန်မြို့ အင်းစိန်မြို့နယ် အောင်ဆန်းစုဋ္ဌမဏ်ကျောင်းလမ်းနေ ကွယ်လွန်သူ အစ်မဒေါ်မြအေး၊ ခင်ပွန်းဦးညွန့်ရင်တို့အား ရည်စူး၍ ဒေါ်စိန်နှင့်သားသမီးမြေးတစ်စုက နှင်းဆီကုန်းဘိုးဘွားများအတွက် ထာဝရဆေးပဒေသာပင်ငွေကျပ် နှစ်သိန်းကို တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

## ကျွန်းနှင့်သစ်မာပင်များ ပြုစုပျိုးထောင်

**သီပေါ ဒီဇင်ဘာ ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် သစ်တောဦးစီးဌာနနှင့် မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု မိုးဦးရာသီက စိုက်ပျိုးထားသော တစ်အိမ်ထောင် ကျွန်းသုံးပင်နှင့် သစ်မာပင် ၂၀၊ စီးပွားဖြစ်ကျွန်းစိုက်ခင်းများ ပိုမိုရှင်သန်အောင်မြင်ရေးအတွက် ပေါင်းရှင်း၊ ခါးဆွမြေတောင်မြောက်၊ သေပင်ဖာထေးခြင်းလုပ်ငန်းများနှင့် ရေဖျန်းခြင်းတို့ကို ဒီဇင်ဘာ ၆ ရက် နံနက် ၈ နာရီက ဆွတ်လန်းကျေးရွာ၌ ကျင်းပသည်။(၂၄၇)

# မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း လုပ်ငန်းခွင်လက်တွေ့ အသုံးချ မြေတိုင်းသင်တန်းဖွင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း (MCEA)မှ ကြီးမှူးဖွင့်လှစ်သော လုပ်ငန်းခွင်လက်တွေ့အသုံးချ မြေတိုင်းသင်တန်းကို ဇန်နဝါရီ ၇ ရက်တွင် ရန်ကုန်မြို့၌ ဖွင့်လှစ်သွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းတွင် ကျွမ်းကျင်သော မြေတိုင်းပညာရှင်များမှ ခေတ်မီစက်ကိရိယာသစ်များဖြင့် မြေတိုင်းတာခြင်း၊ မြေတိုင်းကိရိယာများအား စစ်ဆေးခြင်း၊ စက်ကိုင်တွယ်အသုံးပြုခြင်း၊ တိုင်းတာပြီး Data များအား Computer အတွင်းသို့ ထည့်သွင်းခြင်း၊ ခေတ်မီမြေတိုင်း Software များ အသုံးပြုရန် Downloading ပြုလုပ်ခြင်းများကို စာတွေ့လက်တွေ့ ကွင်းဆင်းကိုင်တွယ် အသုံးပြုနိုင်သည်အထိ တတ်မြောက်အောင် သင်ကြားပေးသွားမည်ဖြစ်၍ သိရှိလိုပါက အသင်းရုံး အမှတ်-၃(က) သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့် သုဝဏ္ဏလမ်းဆုံ သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၇၉၅၄၇၊ ၅၇၉၅၆၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသော ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၇ ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower (ပထမထပ်) ခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။

ယင်းဟောပြောပွဲတွင် အမေရိကန်ပြည်ထောင်စု Yale University & Bergen Community College တို့မှ ဒေါက်တာဒေါ်ဝင်းဝင်းကြည် (USA) နှင့် ဦးကိုလေးထွန်း(USA) တို့ Cross Cultural Understanding of Americans and Doing Business with America ခေါင်းစဉ်တို့ဖြင့် ဟောပြောကြမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ယာဉ်စည်းကမ်းထိန်းသိမ်းရေးဆောင်ရွက် စည်းကမ်းမဲ့ဆိုင်ကယ်စီးသူများကို အရေးယူ

**လားရှိုး ဒီဇင်ဘာ ၂၇**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးနှင့် ယာဉ်အန္တရာယ်ကင်းဝေးစေရေးတို့အတွက် တိုးချဲ့စီစဉ်ဆောင်ရွက်လျက်ရှိရာ ရှေးဦးစွာ မော်တော်ဆိုင်ကယ်စီးနင်းသူများ၊ ဆိုင်ကယ်စီးဦးထုပ်ဆောင်းမထားသူများ၊ အဓိကစစ်ဆေးအရေးယူခြင်းများကို ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့တွင် ဒီဇင်ဘာ ၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ စစ်ဆေးအရေးယူခြင်းမစတင်မီ တက္ကသိုလ်များ၊ အထက်တန်းကျောင်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးရုံးများတွင် သတိပေးနှိုးဆော်စာများကပ်ခြင်း၊ ရုပ်ရှင်ရုံများတွင် ကြော်ငြာဆလိုက်ထိုးခြင်းများဖြင့် မြို့မိမြို့ဖများ၊ ပြည်သူများကို အသိပေးထားပြီးမှ တိကျထိရောက်စွာ အရေးယူခဲ့ခြင်းဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ယာဉ်ထိန်းတပ်ဖွဲ့၊ တာဝန်ခံဒုရဲမှူးစိုးနိုင်က "ဒါက အစမို့ပါ ၊ သတိပေးတဲ့သဘောပါ၊ နောက်ပိုင်းမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်နေသူတွေကို တရားရုံး ပုံမှန်ဒဏ်ကြေးအပြင် စီမံချက်ဒဏ်ကြေးငွေအနေနဲ့ ငွေကျပ် ၁၀၀၀၀ထိတပ်ရိုက်ဖို့ရှိပါတယ်" ဟူ၍ ရှင်းလင်းပြောကြားသည်။

(၅၃၃)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၈-၁၂-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၇း၀၅ ၁။ နိုင်ငံတော်သီချင်း
၇း၁၀ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ဇာတ်လမ်းတို
၈း၂၂ ၁၂။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ မှတ်တမ်း
၄း၂၅ ၅။ အမျိုးသားရေးတေးကဗျာ
၄း၃၅ ၆။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၄၅ ၇။ ရှေးဟောင်းသုတ
၅း၁၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၉။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၂၉)**
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ Mail Box
၆း၃၅ ၁၃။ ကာတွန်းအစီအစဉ် -စူပါဟမ်းစတား (အပိုင်း -၁၀)
၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့သီ ချစ်သူဆီ (အပိုင်း-၃၅)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ဗိုတာဝန်အရေး(၃)ပါး
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ -ညီညာသာယာ ကျွန်တော်တို့ရွာ (ဇာတ်သိမ်း) ဥသာမင်း၊နှင်းထက်ထက်ဝေ၊ ခင်လှိုင်နှင့် သရုပ်ဆောင်များ
၂၁။ လျှပ်တစ်ပြက်
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မဟူရာညရဲ့ခွန်အား (အပိုင်း-၂၃)**
၂၄။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်



**ဒီဇင်ဘာ ၁၆ ရက်က ဖျာပုံမြို့နယ် သမိန်ထောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ မီးဘေးကြိုတင်ကာကွယ်တားဆီးနိုင်ရေးဟောပြောပွဲ ကျင်းပရာ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးသန်းနိုင် ဟောပြောစဉ်။** (၅၄၀)

## မီးဖိုမီးကြွင်းအား သတိပြုရန်

(က) သင့်ရဲ့အိမ်မှာ မီးဖိုမီးကြွင်းမှတစ်ဆင့် မီးလောင်မှုများဖြစ်ပွားတတ်သဖြင့် မီးဖိုများသုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။

(ခ) သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သွားခြင်းကို သတိထားပြီး အလေ့အကျင့်ပြုလုပ်ပါ။

(ဂ) မီးဖိုမီးကြွင်းမီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင်လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

**မီးသတ်ဦးစီးဌာန**

# ကမ္ဘာ့ဆဋ္ဌမ စီးပွားရေးအင်အားကြီးနိုင်ငံအဖြစ် ဗြိတိန်၏နေရာတွင် ဘရာဇီးအစားထိုး

**လန်ဒန် ဒီဇင်ဘာ ၂၇**

ဘရာဇီးနိုင်ငံသည် စီးပွားရေးအရ ကမ္ဘာ့ဆဋ္ဌမအင်အားအကြီးဆုံးနိုင်ငံအဖြစ် ဗြိတိန်နိုင်ငံ၏ နေရာကိုရယူလိုက်ပြီဖြစ်ကြောင်း စီးပွားရေးပညာရှင်များက ဒီဇင်ဘာ ၂၆ ရက်တွင် ပြောကြားသည်။

ဗြိတိန်နိုင်ငံသည် ယခုအခါ ကမ္ဘာပေါ်တွင် သတ္တမမြောက်အချမ်းသာဆုံးနိုင်ငံအဖြစ်ရပ်တည်လျက်ရှိကြောင်း စီးပွားရေးနှင့် စီးပွားရေးလုပ်ငန်းများဆိုင်ရာ သုတေသနဌာနက ထုတ်ပြန်သောအစီရင်ခံစာတွင် ဖော်ပြသည်။

ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံများ စာရင်းတွင် အမေရိကန်၊ တရုတ်၊ ဂျပန်၊ ဂျာမနီနှင့် ပြင်သစ်နိုင်ငံတို့က ထိပ်ဆုံးနေရာငါးနေရာကို ရယူထားသည်။ အိန္ဒိယနိုင်ငံသည် အဆိုပါစာရင်းတွင် အဆင့် ၁၀ နေရာတွင်ရှိနေကြောင်း လန်ဒန်တွင် ထုတ်ဝေသော ဒေလီမေးလ်သတင်းစာက ရေးသားဖော်ပြသည်။ ဘရာဇီးနိုင်ငံသည် သဘာဝအရင်းအမြစ်များပေါကြွယ်ပြီး စီးပွားရေးလျင်မြန်စွာ တိုးတက်လျက်ရှိသည်။

နိုင်ငံ့စီးပွားရေးအရ ဘရာဇီးနိုင်ငံ၏ စီးပွားရေးသည် ဗြိတိန်နိုင်ငံ၏ စီးပွားရေးကို ကျော်လွန်သွားပြီဖြစ်သော်လည်း ထွန်းသစ်စဘရာဇီးနိုင်ငံ၏ လူနေမှုအဆင့်အတန်းမှာ ဗြိတိန်နိုင်ငံ၏ လူနေမှုအဆင့်အတန်းကို လိုက်မီခြင်းမရှိသေးပေ။

ဘရာဇီးနိုင်ငံ၏ လူဦးရေသည် ၂၀၃ သန်းရှိသည်။

***အင်တာနက်။***



ဘရာဇီးနိုင်ငံရှိ မော်တော်ယာဉ်ထုတ်လုပ်ရေး စက်ရုံတစ်ရုံ။



စစ်ပွဲ နှစ်ပတ်လည်နေ့တွင် ပါလက်စတိုင်းအလံကို လွှင့်ထူကြစဉ်။

# ဂါဇာစစ်ပွဲ သုံးနှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပ

**ဂါဇာ ဒီဇင်ဘာ ၂၇**

ဂါဇာစစ်ပွဲသုံးနှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားများကို ဂါဇာကမ်းမြောင်ဒေသတွင် ဒီဇင်ဘာ ၂၇ ရက်က ပါလက်စတိုင်းတို့ ဆင်ယင်ကျင်းပခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

၂၀၀၈ ခုနှစ် ဒီဇင်ဘာလတွင် အစ္စရေးနိုင်ငံက ဂါဇာကမ်းမြောင်ဒေသကို ၂၂ ရက်ကြာ စစ်ဆင်နွှဲတိုက်ခိုက်ခဲ့သည်။

ဂါဇာစစ်ပွဲတွင် ပါလက်စတိုင်းသား ၁၄၀၀ ကျော် သေဆုံးခဲ့ရသည့်အနက် ၃၀၀ ထက်မနည်းမှာ ကလေးသူငယ်များဖြစ်ကြသည်။

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့၏ ထိုးစစ်ကြောင့် နေအိမ် ၄၀၀၀ ခန့်ပျက်စီးခဲ့ရပြီး ပိတ်ဆို့ခံထားရသော ယင်းဒေသ၏အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ရသည်။

ရက်သတ္တသုံးပတ်ကြာစစ်ပွဲ၏ရလဒ်အဖြစ် ပါလက်စတိုင်း ၅၀၀၀၀ ကျော်မှာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြရသည်။

ဂါဇာစစ်ပွဲကာလအတွင်းအစ္စရေးတပ်ဖွဲ့ကနိုင်ငံတကာက တားမြစ်ပိတ်ပင်ထားသော လက်နက်တစ်မျိုးဖြစ်သည့် မီးစုန်းဗုံးများ သုံးစွဲခဲ့သည်ဟု စွပ်စွဲချက်များပေါ်ထွက်ခဲ့သည်။

***အင်တာနက်။***

# တောဆင်ရိုင်း၏ ရန်မူတိုက်ခိုက်မှုကြောင့် ဆူမတြားကျွန်း၌ လယ်သမားတစ်ဦးသေဆုံး

**ဂျကာတာ ဒီဇင်ဘာ ၂၇**

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်း၌ တောဆင်ရိုင်းတစ်ကောင်၏ ရန်မူတိုက်ခိုက်မှုကြောင့် လယ်သမားတစ်ဦးသေဆုံးကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဒီဇင်ဘာ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်ရှိ ဂွမ်ပန်းကျေးရွာ၌ စိုက်ခင်းများအတွင်းသို့ ဝင်ရောက်လာသော တောဆင်ရိုင်းအုပ်တစ်အုပ်ကို လယ်သမားသုံးဦးက မောင်းထုတ်ရန်ကြိုးပမ်းခဲ့ကြကြောင်း၊ ဆင်ရိုင်းအုပ်မှ ဆင်ရိုင်းတစ်ကောင်က ပြန်လည်၍ ရန်မူတိုက်ခိုက်ခဲ့ရာ လယ်သမားတစ်ဦး ဆင်နင်းခံရပြီး သေဆုံးရကြောင်း၊ လယ်သမားနှစ်ဦးမှာမူ ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်း ဆေးဘက်ဆိုင်ရာအကူအညီပေးရေး လုပ်သားတစ်ဦးက ပြောကြားသည်။ သေဆုံးသူမှာ အသက် (၆၀) အရွယ်ရှိ မိုဟာမက်အာမင်ဆိုသူဖြစ်သည်။

ဒေသဆိုင်ရာအာဏာပိုင်များသည် စိုက်ခင်းများအားတောဆင်ရိုင်းများ ဖျက်ဆီးခြင်းဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်းမရှိပါက တောဆင်ရိုင်းများကို သတ်ဖြတ်ပစ်မည်ဟု ရွာသူရွာသားများက ပြောကြားခဲ့ကြသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ဆူမတြားဆင်အရေအတွက်မှာ တောတွင်း၌ ကောင်ရေ ၃၀၀၀ ခန့်သာရှိတော့သည်ဟု ခန့်မှန်းရသည်။ တောပြုန်းလာမှုကြောင့် စားကျက်နယ်မြေကျဉ်းမြောင်းလာသည့်အတွက် တောဆင်ရိုင်းတို့မှာ အစာရေစာရရှိရန် လူတို့၏စိုက်ခင်းများတည်ရှိရာသို့ ဦးလှည့်လာကြကြောင်း သတင်းတွင်ဖော်ပြသည်။ ***အင်တာနက်။***



# တိုကျိုမြို့ရှိ သမိုင်းဝင်နတ်ကွန်း၌ မီးလောင်မှု အသေးစားဖြစ်ပွား

တိုကျို ဒီဇင်ဘာ ၂၇

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ သမိုင်းဝင်ယာဆုကူနီနတ်ကွန်း၌ ဒီဇင်ဘာ ၂၆ ရက် အစောပိုင်းက မီးလောင်မှုတစ်ရပ်ဖြစ်ပွားခဲ့ကြောင်း အဆိုပါနတ်ကွန်း၏ တာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၂၇ ရက်တွင် ပြောကြားသည်။

ယာဆုကူနီနတ်ကွန်း၌ ဒီဇင်ဘာ ၂၆ ရက် နံနက် ၄ နာရီခန့်က အသေးစားမီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ မီးမှာရှို့မီးဟု မသင်္ကာဖြစ်ရကြောင်း တာဝန်ရှိသူက ပြောကြားသည်။

အမြင့် ၁၃ မီတာ၊ ဖြတ် ၂၈ မီတာရှိ နတ်ကွန်းဂိတ်ပေါက်၌ မီးလောင်မှုဖြစ်ပွားခဲ့သော်လည်း ဆိုးဆိုးရွားရွားပျက်စီးခြင်းမရှိကြောင်း၊ နတ်ကွန်း၏လုံခြုံရေးအစောင့်တစ်ဦးက မီးကိုလျင်မြန်စွာ ငြိမ်းသတ်နိုင်ခဲ့ကြောင်း တာဝန်ရှိသူက ပြောကြားသည်။ မီးလောင်မှုဖြစ်ပွားခဲ့သော ဂိတ်ပေါက်ကို ၁၉၃၄ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။

မီးလောင်မှုမဖြစ်ပွားမီလူတစ်ဦးက ဂိတ်ပေါက်တွင် အရည်တစ်မျိုးကို ပက်ဖျန်းခဲ့သည်ဟု ထောက်လှမ်းရေးကင်မရာက မှတ်တမ်းတင်ထားသည်။ ရဲတပ်ဖွဲ့သည် လောင်စာဆီပါဝင်သော ဖန်ပုလင်းနှစ်လုံးကို ရှာဖွေတွေ့ရှိရကြောင်း တာဝန်ရှိသူက ပြောကြားသည်။ ***အင်တာနက်။***

# တက္ကဆက်ပြည်နယ်၌ နေအိမ်တိုက်ခန်းအတွင်း လူခုနစ်ဦးသေဆုံးနေ

**ဒါးလတ်စ် ဒီဇင်ဘာ ၂၇**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်၌ တိုက်ခန်းတွဲ နေအိမ်ခန်းတစ်ခုအတွင်း လူခုနစ်ဦး၏ ရုပ်အလောင်းများကို ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဒီဇင်ဘာ ၂၇ရက်တွင် သတင်းထုတ်ပြန်သည်။

ဒါးလတ်စ်မြို့အနီး ဂရာပီဘင်းမြို့ရှိ တိုက်ခန်းတွဲနေအိမ်ခန်းအတွင်း လူတစ်ဦးက လူသတ်မှုကျူးလွန်ခဲ့ပြီးနောက် ၎င်းကို၎င်း အဆုံးစီရင်ခဲ့သည်ဟု ယူဆရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ခရစ္စမတ်နေ့က ယင်းဖြစ်ရပ်ဖြစ်ပွားခဲ့ကြောင်း၊ နေအိမ်တိုက်ခန်းအတွင်းသို့ပြင်ပမှအဓမ္မဝင်ရောက်လာခဲ့သည့်လက္ခဏာများကို မတွေ့မြင်ရကြောင်း၊ သေဆုံးသူများအနက် တစ်ဦးမှာ လူသတ်မှုကျူးလွန်ခဲ့သူဖြစ်နိုင်ကြောင်း ဂရာပီဘင်းရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

နေအိမ်ခန်း၏ ခရစ္စမတ်သစ်ပင်အနီး၌ လူခုနစ်ဦး သေဆုံးနေသည်ကို ရဲတပ်ဖွဲ့က တွေ့ရှိရပြီး စုံစမ်းစစ်ဆေးမှုများ ဆက်လက် ပြုလုပ်လျက်ရှိသည်။ ***အင်တာနက်။***

# ဟော်မုဇ်ရေလက်ကြားကို ပိတ်ဆို့နိုင်သည့်စွမ်းရည် အီရန်၌ရှိသည်ဟု ရုရှားသတင်းစာ၌ ရေးသားဖော်ပြ

**တီဟီရန် ဒီဇင်ဘာ ၂၇**

ကမ္ဘာ့ရေနံတင်သင်္ဘောများ၏ အဓိကရေလမ်းကြောင်းဖြတ်သန်းရာ ဟော်မုဇ်ရေလက်ကြားကိုပိတ်ဆို့နိုင်သည့်စွမ်းရည် အီရန်နိုင်ငံတွင်ရှိကြောင်း ရုရှားသတင်းစာတစ်စောင်က အီရန်ရေတပ်ဖွဲ့ စစ်ရေးလေ့ကျင့်နေစဉ် ရေးသားဖော်ပြခဲ့သည်။

အီရန်ရေတပ်သည် ၁၀ရက်ကြာမည့် ဗီလာယက် ၉၀ ဟု အမည်ပေးထားသော စစ်အင်အားအများအပြားဖြင့် စစ်ရေးလေ့ကျင့်မှုကို ဒီဇင်ဘာ ၂၇ရက်တွင် စတင်သည်။ လေ့ကျင့်ရာနယ်နိမိတ်သည် ပါရှန်းပင်လယ်ကွေ့ရှိ ဟော်မုဇ်ရေလက်ကြားအရှေ့ပိုင်းမှ အေဒင်ပင်လယ်ကွေ့အထိ ကျယ်ဝန်းသည်။

ဟော်မုဇ်ရေလက်ကြားကို ပိတ်ဆို့ရန် အီရန်နိုင်ငံ၏ ဆုံးဖြတ်ချက်သည် ကမ္ဘာ့ရေနံတင်ပို့မှုကို အဓိကအားဖြင့် ခြိမ်းခြောက်ခြင်းဖြစ်နိုင်သည်ဟု ရုရှားသတင်းစာ နီဇာဗီစီမာယာဂေဇက်တာသတင်းစာက အင်္ဂါနေ့တွင် ဖော်ပြထားသည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုကို ပြုလုပ်သော အီရန်ရေတပ်ဖွဲ့၏ အဓိကရည်ရွယ်ချက်သည် ဟော်မုဇ်ရေလက်ကြားကို ပိတ်ဆို့ရန် လေ့ကျင့်ခြင်းဖြစ်သည်ဟု သတင်းစာက ထပ်ဆင့်ရေးသားထားသည်။ ယင်းရေလက်ကြားသည် ပါရှန်းပင်လယ်ကွေ့နှင့် အိုမန်ပင်လယ်ကို ဆက်သွယ်ထားသည်။

ဟော်မုဇ်ရေလက်ကြားကိုပိတ်ဆို့ခဲ့သော် ရေနံဈေးနှုန်းမြင့်တက်လာမည်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများက အဆိုပါပြဿနာကိုဖြေရှင်းရာတွင် မလွဲမသွေပါဝင်လာကြရမည်ဟု သတင်းစာက ထောက်ပြသည်။

ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(ဂျီဂျီစီ)အဖွဲ့ဝင်နိုင်ငံများက အီရန်နိုင်ငံကို ပြန်လည်တန်ပြန်ရန် နည်းလမ်းများချမှတ်မည်ဟု ဆုံးဖြတ်ကြသည်။ ***အင်တာနက်။***



စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ဆင်နွှဲနေသော အီရန်အမြန်ရေယာဉ်တစ်စင်းကို တွေ့ရစဉ်။



လူ ၇၁ ဦးသေဆုံးခဲ့ရသည့် ဘဂ္ဂဒက်မြို့ ဗုံးပေါက်ကွဲမှုများအနက်မှ မြင်ကွင်းတစ်ရပ်အား တွေ့ရစဉ်။

# ဘဂ္ဂဒက်၌ ဖြစ်ပွားသောပေါက်ကွဲမှုများ အယ်လ်ခိုင်ဒါအဖွဲ့၏ ပယောဂမကင်း

အဂ္ဂဒက် ဒီဇင်ဘာ ၂၇

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ လွန်ခဲ့သောရက်သတ္တပတ်က ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့မှုကြောင့် လူ ၇၁ ဦးသေဆုံးခဲ့ရာ ယင်းဗုံးပေါက်ကွဲမှုအတွက် မိမိတို့တွင် တာဝန်ရှိကြောင်း အယ်လ်ခိုင်ဒါသစ္စာခံအဖွဲ့တစ်ဖွဲ့က အင်္ဂါနေ့တွင် ပြောကြားသည်။**

အမေရိကန်တပ်ဖွဲ့များ ဒီဇင်ဘာ ၁၈ ရက်တွင် ရုပ်သိမ်းထွက်ခွာပြီးနောက် ဘဂ္ဂဒက်မြို့တော်အတွင်းရှိ ရှီးယိုက်ဒေသများတွင် အသေခံကားဗုံးခွဲတိုက်ခိုက်မှုများ၊ လမ်းဘေးဗုံးထောင်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ သေဆုံးသူအများအပြားရှိခဲ့ရသည်။

### သဘောထားတင်းမာ

ရှီးယိုက်အများစုကြီးစိုးသော ဝန်ကြီးချုပ် နူရီအယ်လ်မာလ်ကီဦးဆောင်သည့် အီရတ်အစိုးရအဖွဲ့၌ အဖွဲ့ဝင်အချင်းချင်းအကြား သဘောထားကွဲလွဲမှုများဖြစ်ပေါ်နေရာ အစိုးရအဖွဲ့အတွင်း သဘောထားတင်းမာမှုများ ပိုမိုဖြစ်ပွားလျက်ရှိသည်။

အမေရိကန်ပြည်ထောင်စုအခြေပြု ထောက်လှမ်းရေးအဖွဲ့အစည်းတစ်ရပ်၏ အဆိုအရ အစ္စလာမ့်စ်ဝါဒအခြေပြု အီရတ်နိုင်ငံသည် အယ်လ်ခိုင်ဒါနှင့်စပ်ဆက်သော သူပုန်သူကန်များအတွက် အဓိကအခြေပြုဖွယ်နေရာဖြစ်လာနိုင်ကြောင်း သိရသည်။

ဒီဇင်ဘာ ၂၂ ရက်တွင်ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုတစ်ရပ်ကြောင့် အနည်းဆုံး လူ ၁၈ ဦးသေဆုံးခဲ့ရပြီး အကြမ်းဖက်သမားများသည် အစိုးရပိုင် သူနာပြုယာဉ်တစ်စီးအား အကြမ်းဖက်တိုက်ခိုက်မှုအတွက် အသုံးပြုခဲ့သည်။

### ကြိုးပမ်းနေ

အီရတ်နိုင်ငံရှိ အယ်လ်ခိုင်ဒါအဖွဲ့သည် ခေါင်းဆောင်များ သေဆုံးမှုကြောင့် အင်အားနည်းပါးခဲ့ရသော်လည်း အမေရိကန်တပ်ဖွဲ့များ အီရတ်နိုင်ငံမှ ရုပ်သိမ်းမှုနှင့်အတူ အီရတ်အယ်လ်ခိုင်ဒါအဖွဲ့သည် ပြန်လည်ခေါင်းမော့လာနိုင်ရန် ကြိုးပမ်းနေကြောင်း သတင်းများတွင်ဖော်ပြသည်။ ***အင်တာနက်။***

# တိဗက်ဒေသတွင် ကမ္ဘာ့အမြင့်ဆုံးလေဆိပ် တရုတ်နိုင်ငံတည်ဆောက်မည်

**ပေကျင်း ဒီဇင်ဘာ ၂၇**

တိဗက်ဒေသ နက်ကုခရိုင်တွင် ကမ္ဘာ့အမြင့်ဆုံးလေဆိပ်တည်ဆောက်မှုလုပ်ငန်းကို လာမည့်နှစ်တွင် စတင်မည်ဖြစ်ကြောင်း တရုတ်အစိုးရသတင်းဌာနမှ ဒီဇင်ဘာ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။ အဆိုပါလေဆိပ်သစ်သည် တိဗက်တွင်ရှိပြီးဖြစ်သည့် လက်ရှိအမြင့်ဆုံးလေဆိပ်ထက် မီတာ ၁၀၀(၃၂၈ ပေ)ခန့် ပိုမိုမြင့်မားမည်ဟု ဆိုသည်။

### မျှော်မှန်းထား

နက်ကုလေဆိပ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၄၄၃၆ မီတာ (၁၄၅၅၃ပေ) အမြင့်တွင်တည်ရှိမည်ဖြစ်ပြီး အမြင့် ၄၃၃၄မီတာ(၁၄၂၁၉ပေ) ခန့်မြင့်သည့် ကွမ်ဒိုမြို့လေဆိပ်ထက် အနည်းငယ်ပိုမိုမြင့်မားမည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။ လေဆိပ်တည်ဆောက်ရာတွင် ယွမ်ငွေ ၁ဒသမ ၈ ဘီလီယံ(အမေရိကန်ဒေါ်လာ သန်း ၂၈၀)ခန့် ကုန်ကျမည်ဟု ခန့်မှန်းထားပြီး လာမည့်သုံးနှစ်အတွင်းတွင် လေဆိပ်သစ်ကို ဖွင့်လှစ်နိုင်မည်ဟု မျှော်မှန်းထားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။ **အင်တာနက်။**



ဒီဇင်ဘာ ၂၆ ရက်က အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူလာဝေစီပြည်နယ်ရှိ လိုကွန်မီးတောင်ပေါက်ကွဲမှုကို တွေ့ရစဉ်။

# အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူလာဝေစီမှ လိုကွန်မီးတောင် ပေါက်ကွဲ

**ဂျကာတာ ဒီဇင်ဘာ ၂၇**

အင်ဒိုနီးရှားနိုင်ငံမြောက်ပိုင်း ဆူလာဝေစီပြည်နယ် တိုမိုဟွန်မြို့မှ လိုကွန်မီးတောင်သည် ဒီဇင်ဘာ ၂၇ ရက် ဒေသစံတော်ချိန် နံနက် ၃ နာရီ ၇ မိနစ်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်ဟု ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါမီးတောင်ပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာသောအသံကိုအဆိုပါတောင်ထိပ်နှင့် ငါးကီလိုမီတာအကွာမှ ကြားရပြီး တုန်ခါမှုကိုလည်း ခံစားခဲ့ကြရသည်ဟု ဆိုသည်။

အမျိုးသား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာန သတင်းအချက်အလက်နှင့် ပြည်သူ့ဆက်ဆံရေးဌာနအကြီးအကဲ ဆူတိုပိုပါဝိုနက်ဂိုဟိုကပြောကြားရာတွင် မီးတောင်မှ မှုတ်ထုတ်ခဲ့သော မီးခိုးများကြောင့် စောင့်ကြည့်လေ့လာမှု မပြုလုပ်နိုင်သဖြင့် မီးတောင်ကိုလည်း မြူမှုန်များက ဖုံးအုပ်ထားသည်ဟု ဆိုသည်။

### အဆင့်-၃

၎င်းက ဆက်လက်ပြောကြားရာတွင် လိုကွန်မီးတောင်၏ အန္တရာယ်ကျရောက်နိုင်မှုအခြေအနေမှာ ယခုအချိန်ထိ အဆင့် ၃ အထိ ရှိနေပြီး ဒေသခံများအား ခိုလှုံရာများဆီသို့ ရွှေ့ပြောင်းပေးမှုမရှိသေးကြောင်း၊ ဒေသခံပြည်သူများအား သတိဝီရိယထားနေထိုင်ကြရန် တိုက်တွန်းထားသည်ဟု ဆိုသည်။ ***ဆင်ဟွာ။***

# ဓာတုပစ္စည်းတင် အီတလီသင်္ဘောတစ်စင်း ပင်လယ်ဓားပြများ ပြန်ပေးဆွဲခံရ

**ရောမ ဒီဇင်ဘာ ၂၇**

ရေယာဉ်အမှုထမ်း ၁၈ ဦးပါဝင်ရန် အီတလီပိုင် ဓာတုပစ္စည်းတင် ရေယာဉ်တစ်စင်းအား ဒီဇင်ဘာ ၂၇ ရက်တွင် အိုမန်ကမ်းခြေအလွန်၌ ပင်လယ်ဓားပြများက ပြန်ပေးဆွဲခဲ့သည်ဟု အဆိုပါရေယာဉ်ပိုင်ရှင်က ပြောကြားခဲ့သည်။

### တိုက်ခိုက်ဖမ်းဆီး

တန်ချိန် ၁၆၆၃၁ တန်ရှိ ကုန်တင်ရေယာဉ် အန်ရီကို အီဗိုလီသည် ဒီဇင်ဘာ ၂၇ ရက်အစောပိုင်းတွင် အာရေဗျပင်လယ်အတွင်း၌ ပင်လယ်ဓားပြများ၏ တိုက်ခိုက်ဖမ်းဆီးမှုကို ခံခဲ့ရကြောင်း ရေယာဉ်ကုမ္ပဏီ မာနာဗီ၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ပြန်ပေးဆွဲခံခဲ့ရသည့် ရေယာဉ်၏ ရေယာဉ်အမှုထမ်းများမှာ အီတလီလူမျိုး ခြောက်ဦး၊ အိန္ဒိယလူမျိုး ခုနစ်ဦးနှင့် ယူကရိန်းလူမျိုး ငါးဦးတို့ဖြစ်ကြောင်း၊ အဆိုပါရေယာဉ်သည် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံမှ ကော့စတစ်ဆိုဒါများ တင်ဆောင်ကာ မြေထဲပင်လယ်သို့ ဦးတည်ခုတ်မောင်းနေခြင်းဖြစ်ကြောင်း သင်္ဘောကုမ္ပဏီက ပြောကြားခဲ့သည်။ **အင်တာနက်။**





စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ် အခွန်လွတ်လက်လီအရောင်းဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်။

# စင်ကာပူ ချန်ဂီလေဆိပ်၏ လက်လီရောင်းဝယ်မှု ယခုနှစ်တွင် ၁၆ ရာခိုင်နှုန်းမြင့်တက်

**စင်ကာပူ ဒီဇင်ဘာ ၂၇**

ကမ္ဘာပေါ်တွင် ခရီးသည်အဝင်၊ အထွက်အများဆုံး လေဆိပ်တစ်ခုဖြစ်သည့် စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်၏ လက်လီရောင်းချရမှုနှုန်းသည် ယခင်နှစ်များထက် ယခုနှစ်ပထမ ၁၀ လအတွင်းတွင် ၁၆ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်ဟု အဆိုပါ လေဆိပ်မှ ပြောကြားခဲ့သည်။

### ဝင်ငွေရရှိ

အဆိုပါ လေဆိပ်၏ အကောက်ခွန်လွတ် ခရီးသွားဧရိယာအတွင်း သုံးစွဲခဲ့ကြသော ကမ္ဘာလှည့်ခရီးသည်များ၏ ငွေကြေး ၉၀ ရာခိုင်နှုန်းသည် လက်လီအရောင်းဆိုင်များအတွက် ဝင်ငွေဖြစ်ခဲ့ကြောင်း ဒေသခံရုပ်သံလွှင့်ဌာန နယူးအေးရှားမှဖော်ပြခဲ့သည်။

လေဆိပ်လက်လီအရောင်းဆိုင်များ၏ အဓိကရောင်းကုန်အမယ်ငါးခုမှာ အလှကုန်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်း၊ အဖျော်ယမကာ၊ သကြားလုံးများနှင့် ဖိမ်ခံပစ္စည်းများဖြစ်သည်။ ယေဘုယျအားဖြင့် ခရီးသည်ဥရောပတိုက်သားများ အနေဖြင့် အီလက်ထရွန်နစ်ပစ္စည်းများကို နှစ်သက်ကြပြီး တရုတ်လူမျိုးများက အလှကုန်ပစ္စည်းများကို နှစ်သက်ကြကာ အင်ဒိုနီးရှားလူမျိုးများက သကြားလုံးများကို ပိုမိုနှစ်သက်ကြသည်ဟု ဆိုသည်။ ***အင်တာနက်။***

# ထိုင်းနိုင်ငံတောင်ပိုင်း၌ လုံခြုံရေးတိုးမြှင့်ရန် ဝန်ကြီးချုပ်ညွှန်ကြား

**ဗန်ကောက် ဒီဇင်ဘာ ၂၇**

မကြာမီကျရောက်တော့မည့် နှစ်သစ်ကူးပွဲတော်အတွင်း ဖြစ်လာနိုင်ဖွယ်ပုန်ကန်ထကြွမှုများကို တားဆီးရန်အတွက် နိုင်ငံ၏ တောင်ဘက်စွန်းပိုင်း နာရာသီဝပ်၊ ပတ္တာနီးနှင့် ယာလားပြည်နယ်များ၌ လုံခြုံရေးအရ အင်အားမြှင့်တင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများကို ထိုင်းဝန်ကြီးချုပ် ရင်လပ်ရှင်နာဝပ်က တနင်္လာနေ့တွင် ညွှန်ကြားခဲ့သည်။

### သတင်းထွက်ပေါ်

နှစ်သစ်ကူးကာလအတွင်း တိုက်ခိုက်မှုများပြုလုပ်မည်ဟူသော သူပုန်များ၏ ခြိမ်းခြောက်မှုအသံများနှင့်အတူ ထိုင်းဝန်ကြီးချုပ်၏ သတင်းစကားပေါ်ထွက်လာခြင်းဖြစ်သည်။

နှစ်သစ်ကူးကာလအတွင်း ထိုင်းလက်နက်ကိုင်တပ်ဖွဲ့များ၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တောင်ပိုင်းနယ်စပ်ပြည်နယ် စီမံခန့်ခွဲရေးဌာနများတို့သည် အသင့်အနေအထားရှိစေရန် လိုအပ်ကြောင်း ဝန်ကြီးချုပ် ရင်လပ်ရှင်နာဝပ်က ပြောကြားခဲ့သည်။

### သေဆုံးခဲ့

လွန်ခဲ့သည့် ရှစ်နှစ်တာကာလအတွင်း ထိုင်းနိုင်ငံတောင်ပိုင်းပြည်နယ်များဖြစ်သည့် ယာလား၊ ပတ္တာနီး၊ နာရာသီဝပ်စသောပြည်နယ်များ၌ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ လူပေါင်း ၄၈၀၀ ကျော် သေဆုံးခဲ့ရသည်။

သေဆုံးသူအများစုမှာ ဒေသခံများ၊ ကျောင်းဆရာ၊ ဆရာမများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ့စစ်များဖြစ်ကြသည်။

**အင်တာနက်။**

# ဖလော်ရီဒါပြည်နယ်တွင် ရဟတ်ယာဉ် တစ်စင်းပျက်ကျ၍ လူနှစ်ဦးသေဆုံး

**ဝါရှင်တန် ဒီဇင်ဘာ ၂၇**

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်တွင် ဒီဇင်ဘာ ၂၆ ရက်က ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ ရဟတ်ယာဉ်ပေါ်ပါ ကျန်းမာရေးဝန်ထမ်းနှစ်ဦး သေဆုံးခဲ့သည်။

အဆိုပါရဟတ်ယာဉ်သည် မေယိုမြို့ ဆေးရုံတစ်ခုမှ ကျန်းမာရေးဝန်ထမ်းနှစ်ဦးကို တင်ဆောင်ကာ ဖလော်ရီဒါတက္ကသိုလ်မှ လယ်ယာလုပ်ငန်းခွင်တစ်ခုသို့ ပျံသန်းလာစဉ် ပါလကာမြို့အရှေ့မြောက်ဘက် ၁၂ မိုင်အကွာတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု ပြည်ထောင်စုလေကြောင်းပျံသန်းမှုအုပ်ချုပ်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ကက်သလင်းဘာဂန်က ပြောကြားခဲ့သည်။ **အင်တာနက်။**

# စာပေဆုရာသီ ရောက်လေပြီမို့

**မောင်ဆွေငယ်**

ဆောင်းကာလသို့ရောက်ပြီ။ မြောက်ပြန်လေနှင့်အတူ စာပေအငွေ့တို့ ဝေ့လာသည်။ မြူနှင်းတို့နှင့်အတူ စာရနံ့တို့သင်းပျံ့လာသည်။

ဤလ ဤရာသီရောက်လာသည်နှင့် စာပေလောကသားတို့ လှုပ်ရှားလာကြသည်။ စာပေဟောပြောပွဲများ စည်ကားလာသည်။ **"ပလ္လင်ဆောက်၍ ဂုဏ်မြှောက်ကြစို့"** ဟု ဆရာဇေယျက ရေးသားခဲ့သည့်အတိုင်း ထူးခြားသည့်စာဆိုတို့ကို ဂုဏ်ပြုချီးမြှောက်သည့်ကာလလည်း မည်ပါသည်။

စာပေဆုကြေညာလိုက်သည်နှင့် ပြည်တွင်းပြည်ပ မိတ်ဆွေများ၊ ဆွေမျိုးများက စာနှင့်တစ်ဖုံ၊ လူကြုံနှင့်တစ်မျိုး ဆုရစာအုပ်များကို ဝယ်ခိုင်းကြခြင်း ဖြစ်ပါသည်။ ပို၍ဆိုးသည်မှာ ယခင့်ယခင် ဆုရစာအုပ်များကိုပါ မှာကြားကြခြင်း ဖြစ်ပါသည်။ သူတို့မှာကြားသည့် စာအုပ်များတွင် မောင်သုန်၏ **"အဖေခေသူ မဟုတ်နှင့် အခြားဝတ္ထုတိုများ"**၊ ဒေါက်တာရဲနိုင်၏**"အနောက်ကိုရွှေ့ အရှေ့ကိုမျှော်"** တို့ကဲ့သို့သော စာပေဗိမာန်စာမူဆုရ စာအုပ်များကိုသာ ထပ်ကာထပ်ကာ မှာတတ်သည်။ **"အဖေခေသူ မဟုတ်"** သည် ၁၉၈၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရရှိပြီး ၁၉၈၈ ခုနှစ်အတွက် အမျိုးသားစာပေဆု ရရှိခဲ့သည်။ **"အနောက်ကိုရွှေ့ အရှေ့ကိုမျှော်"** ဝတ္ထုရှည်မှာ အမျိုးသားစာပေဆု မရရှိခဲ့သော်လည်း ပြန်လည်ရိုက်နှိပ်ရသည်အထိ အောင်မြင်ခဲ့သည်။

ပြည်ပရောက်မြန်မာများက ယင်းသို့သော စာအုပ်များကိုဖတ်ရှုရင်း မြန်မာရနံ့ကို ရှူရှိုက်ကြသည်။ မြန်မာ့စရိုက်ကို ခံစားကြသည်။ ရေခြားမြေခြား အရပ်တစ်ပါးတွင် မြန်မာ့ဓလေ့ပါသော ဝတ္ထုလက်ရာများကို ဖတ်ရှုခံစားရင်း အမိမြေတမ်းတသည့်စိတ်ကို ဖြေကြသည်ဟု ဆိုကြသည်။

ထို့အပြင် စာပေဗိမာန်စာမူဆုရပြီး ရုပ်ရှင်ဇာတ်ကားအဖြစ် ဇာတ်ကားများလည်း များစွာရှိခဲ့သည်။ စာပေဗိမာန်စာမူဆုအဖြစ် ပီပီပြင်ပြင် ခွဲထွက်လိုက်သည့်နှစ်မှာ ၁၉၆၉ ခုနှစ်ဖြစ်သည်။ ထိုနှစ်တွင် ဆရာမြတ်ထန်၏ **"နှောင်းတမြည့်မြည့်"** ဝတ္ထုရှည်က ပထမဆုရခဲ့သည်။ ဤဇာတ်လမ်းကို ရုပ်ရှင်ရိုက်ရာတွင် မည်မျှအောင်မြင်ခဲ့သနည်းဆိုသော် အကယ်ဒမီ(ရုပ်ရှင်ထူးချွန်ဆု)ရ မင်းသား၊ မင်းသမီးနှင့်တကွ သရုပ်ဆောင်ပေါင်း မြောက်မြားစွာကို မွေးထုတ်ပေးခဲ့သည်။ ထိုမျှမက ယခုထိတိုင် အကြိမ်ကြိမ်အဖန်ဖန်ပြစေကာမူ မရိုးနိုင်ခဲ့။

အလားတူပင် ဆရာမမြသန္တာ၏ စာပေဗိမာန်စာမူဆု (၁၉၈၉)နှင့် အမျိုးသားစာပေဆု (၁၉၉၁)ရရှိခဲ့သည့် **"နော်ရင်မွှေး"** သည်လည်း ရုပ်ရှင်ဇာတ်လမ်းအဖြစ် များစွာအောင်မြင်ခဲ့သည်။ ဤသို့အောင်မြင်ခဲ့သော စာမူပေါင်း မြောက်မြားစွာရှိခဲ့သည်။ နမူနာအဖြစ်သာ ထုတ်ပြခြင်းဖြစ်သည်။ ဆုအရေအတွက်အားဖြင့် မနည်းတော့။ ထိုအခါ စာပေဗိမာန်စာမူဆုစင်မြင့်မှ ပေါ်ထွက်ခဲ့သည့် စာပေပညာရှင်၊ စာပေသူရဲကောင်းတို့ကို စောကြောမိသည်။ ထို့အတူ စာပေဗိမာန်စာမူဆု စတင်ဖြစ်လာရသည့် ရည်ရွယ်ချက်ကိုပါ တွေးမိလာသည်။

နိုင်ငံတော်အစိုးရ ချီးမြှင့်သည့် စာပေဆုများအကြောင်းကို ပြန်ပြောင်းစဉ်းစားကြည့်လျှင်**"စာပေဆု အစ စာပေဗိမာန်က"**ဆိုရလောက်သည်ဟု ပြောနိုင်မည်ထင်ပါသည်။ နယ်ချဲ့ခေတ်က စာပေဆုများအကြောင်းကို ဦးကာ မချဲ့လိုတော့ပါ။

**"စာပေဗိမာန်"** ဟု ယခုအများသိနေကြသည့် **"မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း"** ကို ၁၉၄၇ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ ပြည်သူလူထုအား စာပေနှင့် ယဉ်ကျေးမှုအမြင်များကိုတိုးပွားလာရန် ဆောင်ရွက်ချက်တစ်ရပ်အဖြစ် **"စာပေဗိမာန်ဆု"** ကို ရွေးချယ်ချီးမြှင့်ရန် သတ်မှတ်ခဲ့သည်။

ထို့ကြောင့် ၁၉၄၈ ခုနှစ်တွင် **"စာပေဗိမာန် ကာလပေါ်"** ဝတ္ထုဆုအမည်ဖြင့် တစ်နှစ်အတွင်းထုတ်ဝေခဲ့သော ဝတ္ထုစာအုပ်များထဲမှ အကောင်းဆုံးတစ်အုပ်ကို ရွေးချယ်၍ ဆုငွေကျပ် ၁၀၀၀ (ကျပ်တစ်ထောင်) ချီးမြှင့်ခဲ့သည်။ ပထမဦးဆုံးဆွတ်ခူးရရှိသည့် လက်ရာမှာ စာရေးဆရာကြီးမင်းအောင်၏ **"မိုးအောက်မြေပြင်"** ဝတ္ထုကြီးပင်ဖြစ်ပါသည်။ ၁၉၆၂ ခုနှစ်တွင် **"စာပေဗိမာန်ဆု"**ကို **"အနုပညာဆိုင်ရာ စာပေဆု"** အမည်သို့ ပြောင်းခဲ့သည်။

စာပေဆုကဏ္ဍများတိုးလာပြီး အမျိုးမျိုးပြောင်းလဲလာခဲ့ရာ ၁၉၆၉ ခုနှစ်တွင် **"စာပေဗိမာန်စာမူဆု"**ဟူ၍ ပီပီပြင်ပြင်ဖြစ်လာသည်။ စာမူများကို သီးခြားပြိုင်ပွဲခေါ်ယူခဲ့သည်။ **"အကြောင်းအမျိုးမျိုးကြောင့် စက်တင်ပုံနှိပ်ခြင်းမပြုနိုင်သော ကောင်းမွန်ပြောင်မြောက်သည့် စာမူများကို စာအုပ်အဖြစ်ထွက်ပေါ်လာစေရန်နှင့် ယင်းသို့ ထွက်ပေါ်လာသော စာအုပ်တို့ကို အမျိုးသားစာပေဆုအတွက် စဉ်းစားနိုင်ရန်"** ဟူသော ရည်ရွယ်ချက်ပါရှိပြီးသား ဖြစ်သည်။

စာပေဗိမာန်စာမူဆုဟူ၍ သီးခြားပေါ်ပေါက်လာချိန် ၁၉၆၉ ခုနှစ် ဘာသာရပ် ၁၁မျိုးချီးမြှင့်ခဲ့ရာ ၂၀၁၀ ခုနှစ်အထိ ဘာသာရပ် ၁၂ မျိုး (ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ သုတပဒေသာ (ဝိဇ္ဇာပညာရပ်)၊ သုတပဒေသာ(သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်)၊ စာပေပဒေသာ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ၊ ကလေးစာပေ၊ လူငယ်စာပေ၊ နိုင်ငံရေးစာပေ၊ ပြဇာတ်စာပေ၊ ဘာသာပြန်စာပေ)ချီးမြှင့်လျက်ရှိသည်။ ၂၀၁၁ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ရွေးချယ်ရန် အင်္ဂလိပ်ဘာသာဖြင့် ရေးသားယှဉ်ပြိုင်လာသော စာမူကိုပါ ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း ၁၉-၇-၂၀၁၁ ရက်နေ့ထုတ် သတင်းစာများတွင် သတိပြုဖတ်ရှုမိကြမည်ထင်ပါသည်။ထို့ကြောင့်၂၀၁၁ ခုနှစ်မှစ၍ စာပေဗိမာန်စာမူဆု ၁၃ မျိုး ဖြစ်ပွားသွားပါတော့မည်။

ပြိုင်ပွဲဝင်များ ပိုမိုစိတ်ဝင်စားလာစေရန် လည်းကောင်း၊ နိုင်ငံတော်၏ စေတနာအရ စာပေပညာရှင်များကို တိုး၍ချီးမြှင့်နိုင်ရန် လည်းကောင်း စာပေဆုချီးမြှင့်ငွေများကို တဖြည်းဖြည်း တိုးမြှင့်ချီးမြှင့်လာခဲ့သည်။ ဆုကြေးငွေတိုးလာသည့် နောက်ကြောင်းကို ခြေရာကောက်ကြည့်ပါလျှင်-

၁၉၆၉ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ ပထမဆု ငွေကျပ် ၅၀၀၊ ဒုတိယဆု ငွေကျပ် ၃၀၀၊ တတိယဆု ငွေကျပ်၂၀၀ စီ သတ်မှတ်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၆ခုနှစ်အထိ ပထမဆု ငွေကျပ် ၅၀၀၀၊ ဒုတိယဆု ငွေကျပ် ၃၀၀၀၊ တတိယဆု ငွေကျပ် ၂၀၀၀ အသီးသီး တိုးမြှင့်ခဲ့သည်။

၁၉၈၇-၈၈ နှင့် ၁၉၈၉ ခုနှစ်များအတွက် ပထမဆု ငွေကျပ် ၇၀၀၀၊ ဒုတိယဆု ငွေကျပ် ၆၀၀၀၊ တတိယဆု ငွေကျပ် ၅၀၀၀အထိ တိုးခဲ့သည်။ ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၃ ခုနှစ်အထိ ပထမဆု ငွေကျပ်၂၅၀၀၀၊ ဒုတိယဆု ငွေကျပ် ၂၀၀၀၀၊ တတိယဆု ငွေကျပ် ၁၅၀၀၀ အထိ တိုးမြှင့်ခဲ့ပြန်သည်။ ၁၉၉၄ ခုနှစ်တွင် ပထမဆု ငွေကျပ် ၃၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၂၅၀၀၀၊ တတိယဆု ငွေကျပ်၂၀၀၀၀ စီ ချီးမြှင့်ခဲ့သည်။ ၁၉၉၅ ခုနှစ်တွင်မူ ပထမဆု ငွေကျပ် ၃၅၀၀၀၊ ဒုတိယဆု ငွေကျပ် ၃၀၀၀၀၊ တတိယဆု ငွေကျပ် ၂၅၀၀၀စီ ချီးမြှင့်ခဲ့သည်။ ၁၉၉၆ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ပထမဆု ငွေကျပ် ၅၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၄၀၀၀၀၊ တတိယဆု ငွေကျပ် ၃၀၀၀၀ စီ ချီးမြှင့်ခဲ့သည်။

၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ပထမဆု ငွေကျပ် ၁၀၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၇၅၀၀၀ နှင့် တတိယဆု ငွေကျပ် ၅၀၀၀၀ သို့လည်းကောင်း၊ ၂၀၀၆ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ပထမဆု ငွေကျပ် ၁၅၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၁၀၀၀၀၀၊ တတိယဆု ငွေကျပ် ၇၅၀၀၀ စီ အဆင့်ဆင့် တိုးတက်ချီးမြှင့်လာခဲ့သည်။

ယခု ၂၀၁၀ ခုနှစ်အတွက်ကိုမူ ပထမ ငွေကျပ် ၂၀၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၁၅၀၀၀၀၊ တတိယဆု ငွေကျပ် ၁၀၀၀၀၀ အသီးသီးတိုး၍ ချီးမြှင့်သွားမည်ဟုသိရသည်။

ယခင်က စာပေဗိမာန်စာမူဆုများကို စာပေဗိမာန် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်ခန်းမ (ယခုပြည်သူ့စာကြည့်တိုက်)တွင် သီးခြားကျင်းပသည်။ ၁၉၈၇-၈၉ မှစ၍ အမျိုးသားစာပေဆု ချီးမြှင့်ပွဲနှင့်အတူ ကျင်းပလာခဲ့သည်မှာ ယခုတိုင်ပင်ဖြစ်တော့သည်။ ဆုအရေအတွက်အရကြည့်လျှင် ၁၉၆၉ ခုနှစ် မှ ၂၀၁၀ ခုနှစ်အထိ ပထမဆု ၂၄၂ ဆု၊ ဒုတိယဆု ၂၈၆ ဆု၊ တတိယဆု ၂၃၀ နှင့် စုစုပေါင်း ၇၅၈ ဆု အထိရှိခဲ့ပြီ။

ဘာသာပြန်စာမူဆုအတွက် ထူးခြားသည်မှာ ၁၉၇၆ ခုနှစ်အထိ ပထမ၊ ဒုတိယ၊ တတိယသုံးဆု ချီးမြှင့်ခဲ့သော်လည်း ၁၉၇၉ ခုနှစ်မှစ၍ ပထမဆု တစ်ဆုတည်းသာ ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ စာပေပညာရှင်တို့ လုပ်ဆောင်ရမည့် တာဝန်နှစ်ရပ်ကား ရှိပါသေးသည်။ တခြားမဟုတ်ပေ။ မြန်မာက ကမ္ဘာကို သိရှိရေးနှင့် မြန်မာကို ကမ္ဘာက သိရှိရေးပင်ဖြစ်သည်။ တစ်နည်းဆိုရသော် ကမ္ဘာ့စာပေကို မြန်မာရရှိရန် အင်္ဂလိပ်ဘာသာမှ မြန်မာပြန်ရန် လိုအပ်သည်။ ထိုနည်းတူ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာကို ကမ္ဘာက သိစေရန် မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးကို အားပေးရန်ဖြစ်သည်။ မြန်မာမှုအထွေထွေကို အင်္ဂလိပ်ဘာသာဖြင့် ရေးထားသည့် စာမူများကို ကြိုဆိုနေပါပြီ။

အနုပညာသည် အနုပညာအတွက်ဆိုသော ခေတ်ကားကုန်ပါပြီ။ အနုပညာသည် နိုင်ငံနှင့်လူမျိုးအတွက် ဖြစ်နေပါပြီ။ စာဆိုကဝိပညာရှိတို့က လက်ကမ်းပေးမည့် လူငယ်လက်သစ် စာပေပညာရှင်များကိုလည်း အထူးတလည်ကြိုဆိုမိသည်။ စာပေမှတ်တိုင်သစ်များ စိုက်ထူပေးရန်ကိုလည်း ဖိတ်ခေါ်ရသည်။

နိုင်ငံနှင့်လူမျိုးအကျိုးပြုသည့် စာကောင်းပေမွန် လက်ရာမွန်တို့ကို ပါဝင်ယှဉ်ပြိုင်ပါလော့ဟုသာ တပ်လှန့် နှိုးဆော်ရပါသည်။ ။



## မေတ္တာဦး အခမဲ့ကုသိုလ်ဖြစ်ဆေးခန်း ဖွင့်လှစ်

**ဒိုက်ဦး ဒီဇင်ဘာ ၂၇**

မေတ္တာဦး အခမဲ့ကုသိုလ်ဖြစ်ဆေးခန်း ဖွင့်ပွဲနှင့် ဆေးအလှူငွေ ဆေးဘက်ဆိုင်ရာပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက ဆေးခန်းတည်ရှိရာ ဒိုက်ဦးမြို့ အောင်ချမ်းသာလမ်း၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဦးသိန်းမြင့် (ကေ-၁၀၀၀) မိသားစုက ငွေကျပ် ၁၁ သိန်း၊ ဦးသန်းမောင် - ဒေါ်ခင်ထွေး (ပြည့်ဝ-ဆန်စက်) မိသားစုက ငွေကျပ် ၁၀ သိန်း၊ ပြည့်ဖြိုးပိုင်ပွဲရုံမိသားစုက ငွေကျပ်ခြောက်သိန်းခွဲ၊ ဦးမျိုးလွင်-ဒေါ်စန္ဒာသီ (ပိုင်မိသားစု)က ငွေကျပ်ခြောက်သိန်းခွဲ၊ ဦးခွန်ဘသောင်း - ဒေါ်တင်တင်ဦး မိသားစုက ငွေကျပ်ငါးသိန်း၊ ဦးသန်းစိန်-ဒေါ်သန္တာအောင် (ရွှေစင်ကြယ်ရွှေဆိုင်) မိသားစုက ငွေကျပ်ငါးသိန်း၊ ဒေဝသာရထိနာရေးယာဉ်ကူညီမှု အကျိုးဆောင်များက ငွေကျပ်ငါးသိန်းတို့အပြင် အခြားအလှူရှင်များ၏ အလှူငွေများနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများ စုစုပေါင်းတန်ဖိုး ငွေကျပ် သိန်း ၆၀ ကျော်တို့ကို လှူဒါန်းခဲ့ကြသည်။**(အပေါ်ပုံ)** (ကြေးမုံ)



ရန်ကုန်မြို့ အမှတ်(၃)အခြေခံပညာဦးစီးဌာန အထက(၁) ကြည့်မြင်တိုင်၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ဘာသာစုံဂုဏ်ထူးရရှိသူ မဖူးပွင့်ဖြူအား မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်ရဲသွေး ဆုချီးမြှင့်စဉ်။ (ပညာရေး)

## တောင်ငူမြို့နယ် ရှမ်းဝတီးကျေးရွာ စာရိတ္တမဏ္ဍိုင်စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

**တောင်ငူ ဒီဇင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ရှမ်းဝတီးကျေးရွာ စာရိတ္တမဏ္ဍိုင် စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၀ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်မြက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဇနီး ဒေါ်ညွန့်တင်က စာကြည့်တိုက်သို့ အလှူငွေ ထည့်ဝင်လှူဒါန်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်အတွက် စာအုပ်စာစောင်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာစောင် ၂၀၀၊ ရှမ်းဝတီး ဆရာတော် ဘဒ္ဒန္တသာသနက သုတရသ စာအုပ် ၁၀၀၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးနှင့် ဇနီး ဒေါ်ညွန့်တင်က ထည့်ဝင်အလှူငွေကျပ် ၄၅၀၀၀၀၊ ဒေါ်စောညွန့်(လှိုင်ရွှေဆိုင်)က အလှူငွေကျပ် ၅၀၀၀၀ နှင့် အလှူရှင်များက စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ စာကြည့်တိုက်အဆောက်အအုံအား ရှမ်းဝတီးဆရာတော် ဘဒ္ဒန္တသာသန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းယုအောင်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဇနီး ဒေါ်ညွန့်တင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြပြီး အဆိုပါ စာကြည့်တိုက် အဆောက်အအုံသည် သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်း အလျား ၁၄ ပေ × အနံ ၁၄ ပေ ရှိကြောင်း သိရသည်။ (၅၇၈)



## ခင်လေးမြင့်(မြစ်ကြီးနား) စာကြည့်တိုက်ဖွင့်ပွဲ မြစ်ကြီးနားမြို့၌ ကျင်းပ

**မြစ်ကြီးနား ဒီဇင်ဘာ ၂၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အောင်နန်းရပ်ကွက် အမှတ်(၁၃၂)နေ ဦးပေါ်ဦး - ဒေါ်ခင်သန်းမြင့် (စာရေးဆရာမ ခင်လေးမြင့်-မြစ်ကြီးနား) မိသားစုက ဆောက်လုပ်လှူဒါန်းသည့် ခင်လေးမြင့်(မြစ်ကြီးနား) စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်ရှိ အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ပေါ်ဦးတောရကျောင်းတိုက် ဆရာတော် အရှင်နာရဒ၊ အလှူရှင် ဒေါ်ခင်သန်းမြင့်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းမူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါစာကြည့်တိုက်မှာ အလျား ပေ ၂၀၊ အနံ ၁၇ ပေရှိပြီး သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း တစ်ထပ်အဆောက်အအုံဖြစ်ကာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ကန်တော့ခံသက်ကြီး စာပေပညာရှင် စာရေးဆရာမကြီး ခင်လေးမြင့်(မြစ်ကြီးနား)၏ (၈၂)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် မိသားစုက ငွေကျပ် သိန်း ၃၀ အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (၄၉၉)

## မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

# ဒုတိယဝန်ကြီး ဦးဘရွှေ အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲအခမ်းအနားသို့ တက်ရောက်မှာကြား

နေပြည်တော် ဒီဇင်ဘာ ၂၇

**ပညာရေးဝန်ကြီးဌာန အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေ တက်ရောက်အမှာစကားပြောကြားသည်။**

ဒုတိယဝန်ကြီး ဦးဘရွှေက ပြောကြားရာတွင် မသင်မနေရမူလတန်းပညာရေး အစီအစဉ်ကို ယခုနှစ်မှစ၍ အစပျိုးဆောင်ရွက်ခဲ့ရာ နိုင်ငံတော်က ငွေကျပ်သန်း ၂၀၀၀ ကျော်ကုန်ကျခံပြီး ကျောင်းသုံး စာအုပ်များကို အခမဲ့ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစတင်၍ စတုတ္ထတန်းနှင့် အဋ္ဌမတန်း ပညာရည်ထူးချွန်သူများကို စိစစ်ရွေးချယ်ပြီး အလယ်တန်းပညာသင်ဆုနှင့် အထက်တန်းပညာသင်ဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းသား၊ ကျောင်းသူများအနက် ပညာရည်ထက်မြက်ပြီး ဆက်လက်ပညာသင်ယူရန် အခက်အခဲရှိသူများကိုလည်း ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအနက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သိပ္ပံဘာသာတွဲတွင် ပထမရရှိသူတစ်ဦးနှင့် ဝိဇ္ဇာဘာသာတွဲတွင် ပထမရရှိသူတစ်ဦးစီတို့ကိုလည်း တက္ကသိုလ်ပညာသင်ဆုနှင့် ကြိုတင်ပြင်ဆင်စရိတ်များ ချီးမြှင့်ပေးရန် စီစဉ်ထားပြီးဖြစ်ကြောင်း။



**ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေ အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

အခြေခံပညာကျောင်းများတွင် ကလေးဗဟိုပြုသင်ယူမှု ချဉ်းကပ်နည်းဖြင့် လေ့ကျင့် သင်ကြားရေး၊ အင်္ဂလိပ်စာနှင့် သင်္ချာပညာရပ်များကို ဦးစားပေးလေ့ကျင့်သင်ကြားရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာများ လေ့ကျင့်သင်ကြားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု အလေ့အကျင့်များ ပြုစုပျိုးထောင်ပေးရေး၊ ပြည်သူ့နီတိအလေ့အကျင့်များပြုစုပျိုးထောင်ပေးရေး၊ ခေတ်မီစာကြည့်တိုက်များထားရှိအသုံးပြုရေး အစရှိသည့် ပညာရေးလုပ်ငန်းများကိုလည်း ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံပညာ ကျောင်းသားကျောင်းသူများ၏ အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်စွမ်းရည်များ ထက်မြက်မြင့်မားရေးအတွက် မူလတန်းနှင့် အလယ်တန်းအဆင့်မှစပြီး အလေးထားလေ့ကျင့်သင်ကြားပေးကြရမည် ဖြစ်ကြောင်း၊ အခြေခံပညာအဆင့်အလိုက် ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသားကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားတိုးတက်လာအောင် ဘာသာရပ်သင်ခန်းစာများကို စနစ်တကျကြိုတင်ပြင်ဆင်လေ့ကျင့်သင်ကြားပေးကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် မူလတန်းအဆင့် စတုတ္ထတန်း၊ အလယ်တန်းအဆင့် ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်း၊ အဋ္ဌမတန်း အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြီး အကဲဖြတ်ဒိုင်အဖွဲ့က စစ်ဆေးအကဲဖြတ်ကြသည်။

အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲများကို ဒီဇင်ဘာ ၂၆ ရက်တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတို့၌ ရေးဖြေ၊ နှုတ်ဖြေ ပြိုင်ပွဲများကျင်းပခဲ့ရာ ဒုတိယဝန်ကြီး ဦးဘရွှေနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးခဲ့သည်။

ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပခဲ့ပြီး ပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၏ အမည်စာရင်းကို ဘာသာရပ်အလိုက် စွမ်းရည်ပြိုင်ပွဲ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များက ထုတ်ပြန်ကြေညာသည်။

အဆိုပါဆုရရှိကြသူများအား ဒီဇင်ဘာ ၃၀ ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပမည့် ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနား၌ ဆုတံဆိပ်၊ ဂုဏ်ပြုလွှာနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# စပါးတင်ပွဲထောင်များ၊ ဆန်သယ်သူများနှင့် ပြည့်နေသော ကျိုက်လတ်မြို့

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - မင်းမောင်



**လုပ်ငန်းဆောင်တာ တွင်ကျယ်ဖို့၊ အလေအလွင့်နည်းပါးဖို့၊ အရည်အသွေး ကောင်းဖို့အတွက် ခြွေလှေ့စက်များကို အဓိပတိ၏ပံ့ပိုးမှုဖြင့် စပါးစိုက်ပျိုးရေး လုပ်ငန်းမှာ တွင်ကျယ်စွာသုံးနေကြပြီဖြစ်သည်။**

ကျိုက်လတ်မြို့သို့ မကြာမီက ရောက်ဖြစ်ခဲ့သည်။ ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် ထုတ်လုပ်မှုစရိတ်များ သက်သာမှုရရှိစေရန် လယ်ယာသုံးစက်ပစ္စည်းများ ကူညီပံ့ပိုးလျက်ရှိသော အဓိပတိ လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးသို့ ရောက်ရှိခဲ့ရာ နိုင်ငံတကာနှင့် ယှဉ်ပြိုင်ဆက်ဆံရာတွင် ငွေကြေးနှင့် လုပ်ငန်းဆောင်ရွက်နိုင်စွမ်းအားရှိသော ခိုင်မာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းအဖြစ် တည်ရှိနေရန်၊ တောင်သူလယ်သမားများအနေဖြင့် ထိုက်သင့်သောဆန်၊ စပါးဈေးနှုန်းရရှိစေရန်၊ နိုင်ငံတော်အတွင်း သင့်တင့်မျှတသော ဆန်စပါးဈေးနှုန်းဖြစ်စေရန်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာနိုင်ငံတို့မှ အဓိကလိုအပ်နေသော ပေါင်းဆန်ထုတ်လုပ်ရေးလုပ်ငန်း ပြန်လည်ရှင်သန်လာစေရန်၊ နိုင်ငံတော်အတွက်လိုအပ်ပါက အရန်ဆန်များအဖြစ်ထားရှိနိုင်ရန်၊ ယခုဘဏ္ဍာရေးနှစ်အတွင်း ပြည်ပသို့ ဆန်တန် ၁ ဒသမ ၅ သိန်းအထိ ရည်မှန်းချက်ထား၍ စဉ်ဆက်မပြတ် တင်ပို့ရောင်းချရန် စသည်တို့ကို ကျိုက်လတ်မြို့ ဆန်စက်တာဝန်ခံ ဗိုလ်ကြီးစိုးခိုင်(ငြိမ်း) က ရှင်းပြသည်။

ကျိုက်လတ်မြို့ အဓိပတိဆန်စက်ဆိပ်ကမ်းတွင် စပါးတင်ပွဲထောင်များ၊ ဆန်သယ်သူများနှင့် ပြည့်နေသည်။

“နောင်ကြီးက ဘယ်ရွာကပါလဲ ခင်ဗျာ။”

“ကျွန်တော်က ကိုကျော်စိုးလှိုင်ပါ၊ အဝပြန်ရွာကပါ၊ စိုက်ပျိုးစရိတ်ပံ့ပိုးငွေလာသွင်းလာပါ။”

“စိုက်ပျိုးစရိတ်ပံ့ပိုးငွေ ဘယ်လိုရပါသလဲ ခင်ဗျာ။”

“တစ်ဧက ကျပ်ငါးသောင်းပါ၊ ပထမအရစ် ကျပ်သုံးသောင်းထုတ်ပေးပါတယ်။ နောက်နှစ်လခြားပြီး ကျပ်နှစ်သောင်းထပ်ထုတ်ပေးပါတယ်။ ကျွန်တော်က ၁၀ ဧကမို့ ငွေကျပ်ငါးသိန်းကို နှစ်ကျပ်နှုန်းအတိုးနဲ့ အတိုးရော အရင်းပါ လာသွင်းတာပါ။”

“ငွေသားနဲ့လား၊ စပါးနဲ့လား။”

“နှစ်မျိုးစလုံး လက်ခံပါတယ်။ စပါးနဲ့လာသွင်းရင် လာသွင်းတဲ့အချိန် ပေါက်ဈေးနဲ့ ခြင်တွယ်ဝယ်ယူပါတယ်။ စိုက်ပျိုးစရိတ်ပံ့ပိုးငွေနဲ့ အတိုးပေါင်းပြီး နုတ်ယူပါတယ်၊ ပိုလျှံငွေကို ချက်ချင်းထုတ်ပေးပါတယ်။ ပါလာတဲ့ စပါးနဲ့ မလုံလောက်သေးရင် မှတ်ထားပြီးနောက် တစ်ခေါက်လာသွင်းလို့လည်းရပါတယ်။”

“အဓိပတိက ပံ့ပိုးတဲ့ စိုက်ပျိုးစရိတ်နဲ့ အဆင်ပြေရဲ့လား။”

“အဆင်ပြေပါတယ်။ စိုက်ပျိုးစရိတ်အတွက် ပူပန်ရတဲ့သောကမရှိတော့တာ ပထမဦးဆုံး အဆင်ပြေမှုပဲ။ ဒုတိယအချက်က သက်သာမှုပါ။ ဒေသမှာ ငွေတိုးယူရင် ခုနစ်ကျပ်နှုန်းရှိပါတယ်။ အဓိပတိက နှစ်ကျပ်နှုန်းဆိုတော့ ငါးကျပ်သက်သာခွင့်ရပါတယ်။ ငွေကျပ်ငါးသိန်း ငါးလသုံးဆိုတော့ အတိုးတင်ဘယ်လောက်သက်သာသွားလဲ၊ ဒီသက်သာမှုက ကျွန်တော်တို့အတွက် ဝင်ငွေတိုးတာပါပဲ။”

အလားတူ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် လပွတ္တာမြို့နယ်ပါ တိုးချဲ့၍ မိုးစပါး၊ နွေစပါးအတွက် ကျေးရွာ ၄၆၇ ရွာမှ တောင်သူ ၂၄၀၃၆ ဦးတို့၏ စိုက်ဧက ၁၉၇၈၁၅ ဧကအတွက် ငွေကျပ်သန်း ၁၀၂၃၈ ဒသမ ၀၀၀ စိုက်ပျိုးစရိတ်ပံ့ပိုးခဲ့ရာ ၉၈ ဒသမ ၅၀ ရာခိုင်နှုန်းထိ ပြန်လည်ပေးသွင်းနေကြကြောင်း သိရသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် မိုးစပါးအတွက် သာပေါင်းမြို့နယ်ကိုပါ ထပ်မံတိုးချဲ့ပြီး မြို့နယ် ခြောက်မြို့နယ်၊ ကျေးရွာ ၃၇၄ ရွာမှ တောင်သူ ၁၉၄၆၃ ဦးတို့၏ စိုက်ဧက ၁၆၈၆၇၈ ဧကအတွက် ကျပ်သန်း ၅၆၇၅ ဒသမ ၃၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

“နောင်ကြီးကကော ဘယ်ရွာကပါလဲ ခင်ဗျာ။”

“ကျွန်တော်က ဦးကျော်သန်းပါ၊ ဂုံမင်းကွင်းကျေးရွာအုပ်စုကပါ။ စိုက်ပျိုးစရိတ် ပံ့ပိုးငွေနဲ့ မြေဩဇာဖိုးတွေ ပြန်သွင်းတာပါ”

“ဘယ်လို မြေဩဇာတွေ သုံးပါသလဲ ခင်ဗျာ”

“ပုလဲနဲ့ တီစူပါ။”

“မိုးတစ်ဧက ဘယ်လောက်၊ နွေတစ်ဧကဘယ်လောက်သုံးပါသလဲခင်ဗျ”

“ကျွန်တော်တို့ ဒေသတွေမှာ မိုးမှာ မြေဩဇာသုံးဖို့ အာရုံမထားကြဘူးခင်ဗျ၊ နွေစပါးပဲ သုံးကြတာပါ၊ တစ်ဧကကို တီစူပါ တစ်လုံးနဲ့ ပုလဲသုံးလုံး သုံးကြပါတယ်၊ နွေစပါးမှာ မြေဩဇာသွင်းနိုင်ရင် သွင်းနိုင်သလောက် အကျိုးရနိုင်ပါတယ်။”

“နောင်ကြီးကကော ခင်ဗျာ။”

“ကျွန်တော်က ဦးသံချောင်းပါ၊ ထွန်စက်ဖိုး လာသွင်းတာဗျ။ အဝပြန်ရွာကပါ။”

“အမျိုးအစားကကော။”

“လက်တွန်းထွန်စက်ကြီးပါ။ ကျပ်ကိုးသိန်းကျပါတယ်၊ စာချုပ်အရ ပစ္စည်းတန်ဖိုး ၄၀ ရာခိုင်နှုန်းကို လက်ငင်းပေးချေရပြီး ကျန် ၆၀ ရာခိုင်နှုန်းကို တစ်နှစ်အတွင်း အရစ်ကျပေးနိုင်ပါတယ်။”

“သက်သာမှုကော ရရဲ့လားခင်ဗျ။”

“သက်သာမှုရှိပါတယ်။ ငွေကြေးသက်သာမှုအနေနဲ့ပြောရရင် ဒေသမှာ အတိုးက ခုနစ်ကျပ်နှုန်းရှိပါတယ်။ ငွေခြောက်သိန်းအတွက် ကျသင့်တဲ့အတိုးငွေ သက်သာပါတယ်။ နောက်တစ်ခုက ငှားရင်၊ ထွန်ယက်ခ ကျပ်တစ်သောင်းက ကျပ်တစ်သောင်းခွဲထိ ပေးရပါတယ်။ စက်နဲ့လူပဲ လာတာပါ။ ဆီက ငှားသူက ခံရပါတယ်၊ ဆီက တစ်ဂါလန်ခွဲပေးရပါတယ်။ နောက် အချိန်ကုန် သက်သာပါတယ်၊ ကျွဲနဲ့ နွားနဲ့ ထယ်ထိုး ထွန်မွှေ စက်တုံးလိုက် လုပ်ငန်းလုပ်တာ တစ်ဧကကို သုံးရက်လောက်ကြာပါတယ်။ ထွန်စက်နဲ့ဆို လေးနာရီနဲ့ ပြီးပါတယ်။ ကိုယ်ပိုင်ထွန်စက်ရှိတော့ စိုက်ပျိုးရေးလုပ်ငန်းတင်မကပါဘူး။ စိုက်ပျိုးရေးအတွက် ရေတင်တာတို့၊ စပါးခြွေတာတို့ လုပ်ငန်းတွေလည်း လုပ်နိုင်ပါသေးတယ်။”

အဓိပတိ လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလီမိတက်သည် မြောင်းမြ၊ မော်ကျွန်း၊ ကျိုက်လတ်မြို့များရှိ ဆန်စက်များတွင် လယ်ယာသုံးပစ္စည်းအရောင်းဆိုင်များကို ၂၇-၃-၂၀၁၁ မှစ၍ ဖွင့်လှစ်ခဲ့သည်။ အဆိုပါ လယ်ယာသုံးဆိုင်များမှ ထွန်စက်၊ ထော်လာဂျီ၊ အင်ဂျင်၊ ခြွေလှေ့စက် အပါအဝင် လယ်ယာသုံးပစ္စည်းများ လူသုံးကုန်ပစ္စည်းများအား ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ တန်ဖိုးကြီးမားသည့် ထွန်စက်၊ တမန်းလှေ့၊ ခြွေလှေ့စက်၊ ကောက်ရိတ်စက်၊ ၁၃ ကောင်အား အင်ဂျင်စသည်တို့ကို ပစ္စည်းတန်ဖိုး၏ ၄၀ ရာခိုင်နှုန်းကို လက်ငင်းပေးချေစေကာ ကျန် ၆၀ ရာခိုင်နှုန်းကို တစ်နှစ်အတွင်း အရစ်ကျပေးချေစေသည့်စနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ ။



**ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် တည်ရှိသည့် အဓိပတိ လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလီမိတက်ပိုင် အဓိပတိဆန်စက်ကို တွေ့ရစဉ်။**

# နေပြည်တော်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြပွဲ ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

နေပြည်တော်ကောင်စီ၏ကြီးကြပ်မှုဖြင့် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ စတုတ္ထအကြိမ် နေပြည်တော် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲပြိုင်ပွဲကို ၂၀၁၂ခုနှစ် ဇန်နဝါရီ ၇ ရက်မှ ၁၁ ရက်အထိ နေပြည်တော် ပျဉ်းမနားမြို့ အောင်မင်္ဂလာယာဉ်ရပ်နားဝင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ယာဉ်မတော်တဆထိခိုက်မှု လျှော့နည်းကျဆင်းရေးအတွက် ယာဉ်/လမ်း အသုံးပြုသူများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာဗဟုသုတ တိုးပွားစေရေး၊ စည်းကမ်းနှင့်အညီ သွားလာမောင်းနှင်စေရေးတို့အတွက်ရည်ရွယ်၍ ပညာပေးပြခန်းများ၊ ဌာနဆိုင်ရာပြခန်းများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများအပြင် အရောင်းပြခန်းများနှင့် ဖျော်ဖြေရေးအစီအစဉ်များ ပါဝင်ပြသမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး ဘုတလင်မြို့နယ် ကွမ်းခြံကျေးရွာ ရွှေပြည်သာကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၂၇

**ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ဘုတလင်မြို့နယ် ကွမ်းခြံကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ရွှေပြည်သာကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းလှိုင်နှင့် တိုင်းဒေသကြီးပညာရေးမှူး ဦးမြင့်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကျောင်းဆောက်လုပ်ရေးကော်မတီဝင် ဦးမောင်ဆန်းက ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို တိုင်းဒေသကြီးပညာရေးမှူးထံ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းအတွက် ကက်ဆက်၊ ကျောင်းသုံးဗလာစာအုပ်များနှင့် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ယနေ့ဖွင့်လှစ်သည့် ရွှေပြည်သာကျောင်းဆောင်သစ်သည် အလျားပေ ၁၂၀၊ အနံပေ ၃၀ နှင့် အမြင့် ၁၂ ပေရှိ အုတ်ညှပ်တစ်ထပ်ဆောင်ဖြစ်ပြီး နိုင်ငံတော်မှ ငွေကျပ် ၂၃၈ သိန်းနှင့် ပြည်သူများမှ ထည့်ဝင်ငွေကျပ်သိန်း ၄၀ စုစုပေါင်းငွေကျပ် ၂၇၈ သိန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဘုတလင်မြို့နယ် အင်းတောလျှပ်စစ်မြစ်ရေတင်လုပ်ငန်းသို့ ရောက်ရှိပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ ကျေးရွာမီးလင်းရေး၊ စိုက်ပျိုးရေး၊ ပညာရေးလိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးကာ အင်းတောလျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ ရေပေးဝေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ပဉ္စမအကြိမ် ကွန်ပျူတာနှင့် မိုဘိုင်းလ်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဈေးရောင်းပွဲတော်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် မုံရွာမြို့ အစိုးရအထက်တန်းရက်ကန်းကျောင်း၌ ကျင်းပသော လူသုံးကုန်နှင့် အလှကုန်ပစ္စည်းများ ထုတ်လုပ်မှုနည်းပညာသင်တန်းအမှတ်စဉ်(၁၃) ၅/၂၀၁၁ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး လူသုံးကုန်နှင့် အလှကုန်ပစ္စည်းများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ညနေပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်အလိုက် (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ပထမဆုရ ကလေးခရိုင်အသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ရွှေဘိုမြို့ ကျောက်မြောင်းမြို့နယ်ခွဲ အုပ်ချုပ်ရေးမှူးရုံးနှင့် ရွှေဘိုမြို့နယ် ကြက်၊ ငုံးမွေးမြူရေးဇုန်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသော မုံရွာမြို့ မြို့သစ်ရပ် စိန်ပန်းဝါလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားနှင့် စိန်ပန်းပြာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားတို့သို့ တက်ရောက်အားပေးသည်။

အဆိုပါ စိန်ပန်းဝါလမ်း ကတ္တရာလမ်းသစ်သည် အရှည်ပေ ၂၅၅၀၊ အကျယ် ၁၈ ပေရှိပြီး ကုန်ကျငွေကျပ် ၂၉၆၄၆၀၀၀ ဖြစ်ကာ စိန်ပန်းပြာလမ်း ကတ္တရာလမ်းသစ်သည် အရှည်ပေ ၂၄၅၀ နှင့် အကျယ် ၁၄ ပေ ကုန်ကျငွေကျပ် ၂၉၅ သိန်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၈-၁၂-၂၀၁၁ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၀ ၂။ နမော. . . နမော (သန်းမြတ်စိုးနှင့်အဖွဲ့၊ တေးရေး-မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈း၂၅ ၈။ “စိုက်ပျိုးရေးအားမာန်ဆည်တမံ”
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၅ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ နားဝင်ပီယံသူ့လက်သံ
- ၄း၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရသစာပေအရေးအသား အထူးပြု) (ရသစာပေအရေးအသား)
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ သီချင်းကြီးပဒေသာ
- ၅း၁၀ ၈။ “ဆီးချိုသွေးချိုကာကွယ်ပါ”
- ၅း၄၅ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၆း၃၅ ၁၃။ ရွှေရင်ခုန်သံ
- ၇း၀၀ ၁၄။ “ပန်းချီဆရာကြီး ဦးလွန်းကြွယ်၏ သူ့ဘဝနှင့်သူ့လက်ရာ”
- ၇း၃၀ ၁၅။ စန္ဒရားကွန်းဇော် တေးဂီတအဖွဲ့ တင်ဆက်မှုအစီအစဉ် (အပိုင်း-၂)
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ ပျော်ရွှင်ရင်ခုန်ပြကွက်စုံ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်ဆုံး” (အပိုင်း-၁၉)**
- ၂၁။ **မြန်မာဗီဒီယိုဇာတ်လမ်း “မျှော်လင့်ခြင်းပြတိုက်”** (ခန့်စည်သူ၊ နန္ဒာလှိုင်) (ဒါရိုက်တာ-ဇော်မြင့်ဦး)
- ၂၂။ အစီအစဉ်ပြီး၏။

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဆင်းရဲမှုလျှော့ချရေး ချေးငွေထုတ်ပေး

**ကျောက်ကြီး ဒီဇင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကော်မတီက ဆင်းရဲသောတောင်သူများသို့ ချေးငွေပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်က ဆင်းရဲသော ဒေသခံ တောင်သူများသို့ ချေးငွေထုတ်ချေးပေးရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက တောင်သူများထံ ချေးငွေများပေးအပ်သည်။**(ယာပုံ)**



ချေးငွေပေးအပ်ပွဲတွင် ကျောက်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၃၀ မှ တောင်သူလယ်သမား ၁၀၀၀ တို့အား တစ်ဦးလျှင် ချေးငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ကျပ်သိန်း ၅၀၀ အား ခြောက်လကာလသတ်မှတ်၍ ချေးပေးခဲ့သည်။

အဆိုပါ ချေးငွေများအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က တောင်သူများ၏ စိုက်ပျိုးစရိတ် ပံ့ပိုးပေးရန်နှင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်ရန် ထုတ်ချေးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (၅၇၈)



**မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကတိုးအထက မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၅ ရက်က တေဇခန်းမ၌ ကျင်းပရာ ၂၀၁၀ - ၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် လေးဘာသာဂုဏ်ထူး ရရှိသည့် မောင်သက်ဇေယျာထွန်းအား ကျောင်းအုပ်ဆရာကြီး ဦးစောသန်းအောင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။**

(ပညာရေး)

**ဒီဇင်ဘာ ၁၁ ရက်က မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁၀) အခြေခံပညာအလယ်တန်းကျောင်းထ(၂)ခွဲ၌ ကျင်းပသော ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ ဆဋ္ဌမတန်းအထိ ခုနစ်နှစ်ဆက်တိုက် ပထမဆုရရှိသော မဝင်းပြည့်စုံအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေးဝင်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။**

(ပညာရေး)



## မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း ဒုတိယအကြိမ် အရန်ဆန်ဝယ်ယူမည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း၏ ဈေးကွက်အရန်ဆန်ဝယ်ယူရေးကော်မတီက ဈေးကွက်အရန်ဆန်ထားရှိနိုင်ရေးအတွက် ဧည့်မထ ၁၀ ရာခိုင်နှုန်း (တန်ချိန် ၁၀၀၀) ကို ဒုတိယအကြိမ် တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ကြောင်း သိရသည်။

တင်ဒါစည်းကမ်းများကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် (၂၉)ရှိ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းရုံး ဖုန်း-၂၁၈၂၆၆ နှင့် ၂၁၈၂၆၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(အေးသောင်)

## မော်တော်ယာဉ်တင်သွင်းသူများ အဆင်ပြေချောမွေ့စေရေး အကောက်ခွန်လုပ်ငန်းစဉ်များ ပြောင်းလဲပြင်ဆင်သတ်မှတ်

**သတင်းမှတ်စု**
**ထက်ခိုင်(စမ်းချောင်း)**

ကားအိုကားဟောင်းများ အစားထိုးလဲလှယ်တင်သွင်းခွင့်ပြုထားသည့် မော်တော်ယာဉ်များနှင့် ပတ်သက်၍ မော်တော်ယာဉ်တင်သွင်းသူ ပြည်သူများ ပိုမိုအဆင်ပြေချောမွေ့စေရေးနှင့် အကောက်ခွန်လုပ်ငန်းစဉ်များ ပိုမိုသွက်လက်မြန်ဆန်မှန်ကန်စေရန် စစ်ဆေးရေးလုပ်ငန်းစဉ်များကို ဒီဇင်ဘာ ၁၂ ရက်မှ စတင်၍ ပြောင်းလဲပြင်ဆင်သတ်မှတ်ခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရှိရသည်။

နိုင်ငံတော်အစိုးရက အများပြည်သူတို့၏ အကျိုးငှာ လက်ရှိအသုံးပြုနေသော သက်တမ်းကြာမြင့်သည့် မော်တော်ယာဉ်များအား အစားထိုးလဲလှယ်တင်သွင်းခွင့်ပြုခဲ့ခြင်းကြောင့် ရန်ကုန်မြို့ရှိ ဆိပ်ကမ်းအသီးသီးသို့ ရောက်ရှိလာသော မော်တော်ယာဉ်များကို တနင်္ဂနွေနေ့နှင့် အစိုးရပြန်တမ်းဝင်ရုံးပိတ်ရက်များမှအပ နေ့စဉ် စစ်ဆေးထုတ်ပေးလျက်ရှိကြောင်း၊ အဆိုပါလုပ်ဆောင်ပေးရာတွင် လုပ်ငန်းများ ပိုမိုစေ့စပ်မှန်ကန်မှုရှိစေရေးအတွက် မော်တော်ယာဉ်တင်သွင်းသူများအနေဖြင့် ယခင်ကရုံးချုပ်တွင် သွင်းကုန်ကြေညာလွှာတင်သွင်းပြီးနောက် အခွန်စည်းကြပ်တွက်ချက်မှုမပြုလုပ်မီ သက်ဆိုင်ရာဆိပ်ကမ်းများသို့ ကြိုတင်စစ်ဆေးမှု (ကြို/စစ်) အရင်ပြုလုပ်စေပြီး စစ်ဆေးတွေ့ရှိချက်မှတ်တမ်းအရ အခွန်စည်းကြပ်ကောက်ခံခြင်း၊ မော်တော်ယာဉ်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ရာမှ ယခုနောက်ပိုင်းတွင် စစ်ဆေးရေးလုပ်ငန်းစဉ်များကို ပြင်ဆင်ပြောင်းလဲသတ်မှတ်လိုက်ခြင်းလည်းဖြစ်ကြောင်း သိရသည်။

ထိုပြင်ဆင်သတ်မှတ်လိုက်သည့် လုပ်ငန်းစဉ်များအရ ကုန်တင်သွင်းသူ (သို့မဟုတ်)၎င်း၏ကိုယ်စားလှယ်ဖြစ်သူမှာ သက်ဆိုင်ရာမော်တော်ယာဉ်တင်သွင်းမှုနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံပါက အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)ရှိ မော်တော်ယာဉ်အစားထိုးလုပ်ငန်းစုတွင် သွင်းကုန်ကြေညာလွှာ တင်သွင်းရမည်ဖြစ်ကြောင်း၊ အဆိုပါရုံးချုပ်၏ ထုတ်ကုန်သွင်းကုန်ဌာနခွဲရှိ မော်တော်ယာဉ်အစားထိုး စီမံချက်လုပ်ငန်းစုက တင်ပြလာသော အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျစိစစ်၍ ကိုက်ညီမှန်ကန်ပါက သွင်းကုန်ကြေညာလွှာ တင်သွင်းခွင့်ပြုပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်အခွန်အခများ၊ ဒဏ်ကြေးငွေများကို စည်းကြပ်တွက်ချက်ပေးမည်ဖြစ်ကြောင်း၊ ထို့နောက် ကွန်ပျူတာဖြင့် မှတ်တမ်းသွင်းကာ ငွေစာရင်းဌာနစိတ်တွင် ကျသင့်သည့် အခွန်အခများကို ပေးသွင်းရမည်ဖြစ်ပြီး ၎င်းကျသင့်အခွန်အခများကို ငွေစာရင်းဌာနစိတ်က ပြည့်စုံစွာလက်ခံရရှိပါက အဆိုပါအမှုတွဲဖိုင်(သွင်းကုန်ကြေညာလွှာ)ကို သက်ဆိုင်ရာဆိပ်ကမ်းသို့ အမြန်ဆုံး လွှဲပြောင်းပေးပို့ရမည်ဖြစ်ကြောင်း၊ ဆိပ်ကမ်းအကောက်ခွန်အဖွဲ့သည် ရောက်ရှိလာသော သွင်းကုန်ကြေညာလွှာနှင့် ပူးတွဲပါအထောက်အထားများကို တင်သွင်းလာသော မော်တော်ယာဉ်နှင့် တိုက်ဆိုင်စစ်ဆေးမည်ဖြစ်ပြီး ကွဲလွဲမှုတစ်စုံတစ်ရာမရှိပါက ဆိပ်ကမ်းအကောက်ခွန် လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်စေ၍ မော်တော်ယာဉ်ကို ထုတ်ယူခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် သွင်းကုန်ကြေညာလွှာနှင့် ပူးတွဲပါအထောက်အထားများအရ မြေပြင်တိုက်ဆိုင်စစ်ဆေးမှုတွင် ကွဲလွဲချက်တစ်စုံတစ်ရာ စိစစ်တွေ့ရှိပါက အဆိုပါ မော်တော်ယာဉ်ကို ထုတ်ပေးခြင်းမပြုတော့ဘဲ ယာယီတားဆီးထားမည်ဖြစ်ပြီး အမှုတွဲဖိုင်(သွင်းကုန်ကြေညာလွှာ)ကို ရုံးချုပ်ရှိ မော်တော်ယာဉ်အစားထိုး စီမံချက်လုပ်ငန်းစုသို့ အမြန်ဆုံးပေးပို့တင်ပြ၍ ရုံးချုပ်၏ညွှန်ကြားချက်အတိုင်း လိုက်နာကာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သိရသည်။

အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)ရှိ မော်တော်ယာဉ်အစားထိုးစီမံချက်လုပ်ငန်းစုက လုပ်ငန်းလိုအပ်ချက်အရ မဖြစ်မနေ ကြိုတင်စစ်ဆေးမှု(ကြို/စစ်) ပြုလုပ်ရမည့် သွင်းကုန်ကြေညာလွှာများကို ကြိုတင်စစ်ဆေးမှု (ကြို/စစ်) ပြုလုပ်သွားမည်ဖြစ်ပြီး (ကြို/စစ်) အမှုတွဲနှင့် အပြီးသတ်စည်းကြပ်ပြီးအမှုတွဲတို့ မှားယွင်းကာ မော်တော်ယာဉ်ထုတ်ပေးလိုက်ခြင်းမျိုးမရှိစေရန်အတွက်လည်း သတိပြုဆောင်ရွက်နေခြင်းဖြစ်သည်။

ထိုကဲ့သို့ လုပ်ထုံးလုပ်နည်းပြင်ဆင်၍ မော်တော်ယာဉ်များကို စစ်ဆေးထုတ်ပေးရာတွင် အများပြည်သူတို့အနေဖြင့် စိတ်ချမ်းမြေ့စွာ ထုတ်ယူဆောင်ရွက်နိုင်ရန် တည်ဆဲဥပဒေအရ ဦးစီးဌာနမှသတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အလေးအနက် လိုက်နာဆောင်ရွက်သွားရန်လည်းကောင်း၊ ဝန်ထမ်းများ၏ ပြောဆိုဆက်ဆံမှု အဆင်ပြေချောမွေ့စေရေး၊ မလိုလားအပ်သော နှောင့်နှေးကြန့်ကြာမှုများ မဖြစ်ပေါ်စေရေး၊ လာဘ်ပေးလာဘ်ယူ ကင်းရှင်းစေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ကွပ်ကဲသွားမည်ဖြစ်ကြောင်း သိရသည်။ ။

○ ရှေ့ဖုံးမှ

အဆင့်ဆင့်နှင့် ဝန်ထမ်းများက စနစ်တကျ အလေးထားဆောင်ရွက်မည်ဖြစ်သည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်အလိုက်ရှိနေသည့် ဝန်ထမ်းများအပြင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ရုံးချုပ်မှ အရာထမ်း/အမှုထမ်း ၂၀၀ ကျော်တို့က မြို့နယ်များသို့ ပူးပေါင်းပြီး မီတာဖတ်ရှုမည်ဖြစ်ရာ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါကြပ်မတ် စစ်ဆေးဆောင်ရွက်၍ သက်ဆိုင်ရာ မြို့နယ်/ရပ်ကွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများကလည်း အဆင်ပြေချောမွေ့စေရေး ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ပြီး ဓာတ်အားသုံးစွဲသူ ပြည်သူများကလည်း ဝန်ထမ်းများ မှန်ကန်စွာ မီတာဖတ်ရှုနိုင်ရေးအတွက် ပူးပေါင်းကူညီပေးကြရန် မေတ္တာရပ်ခံထားကြောင်းနှင့် အဆင်မပြေမှုများရှိပါက ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဖုန်း-၀၉-၅၀၅၅၉၇၁၊ ၀၉-၈၆၃၇၄၀၁၊ အတွင်းရေးမှူး ဖုန်း-၀၉-၅၁၀၀၉၀၆၊ တွဲဖက်အတွင်းရေးမှူး ဖုန်း-၀၉-၅၁၀၀၉၁၇၊ အင်ဂျင်နီယာချုပ် ဖုန်း-၀၉-၈၆၀၀၁၃၇၊ ညွှန်ကြားရေးမှူး(ဘဏ္ဍာရေး) ဖုန်း-၀၉-၅၀၅၅၉၇၃ တို့သို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

# သဃ်န်းညီနောင် တိုက်နယ်ဆေးရုံ၌ ကရင်ပြည်နယ်ပြည်သူ့ဆေးရုံကြီးနှင့် မြဝတီခရိုင်ပြည်သူ့ဆေးရုံတို့မှ အထူးကုဆရာဝန်ကြီးများပါဝင်သော ကွင်းဆင်းဆေးကုသရေးအဖွဲ့ အခမဲ့ကွင်းဆင်းကုသ

နေပြည်တော် ဒီဇင်ဘာ ၂၇

**ကရင်ပြည်နယ် မြဝတီခရိုင် သဃ်န်းညီနောင်တိုက်နယ်ဆေးရုံ၌ ဒီဇင်ဘာ ၁၆ ရက်တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနတို့စီမံမှုနှင့် ပြည်နယ်ကျန်းမာရေးမှူး ဒေါက်တာဌေးနောင်နှင့် ပြည်နယ်ဆေးရုံအုပ်ကြီး ဒေါက်တာအေးအေးမူတို့ခေါင်းဆောင်သော ပြည်နယ်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအဖွဲ့သည် သဃ်န်းညီနောင်နေပြည်သူများနှင့် အနီးအနားရှိ ပတ်ဝန်းကျင်ကျေးရွာများမှ ကျေးရွာသူ၊ ကျေးရွာသားများအား ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် အခမဲ့ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။**

ယင်းသို့ ဆောင်ရွက်ပေးရာတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းသည် အဆိုပါ သဃ်န်းညီနောင်ရှိ တိုက်နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိလာပြီး လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားကာ သက်ကြီးဘိုးဘွားများအား ထောက်ပံ့အလှူငွေများ ပေးအပ်သည်။

ယင်းနောက် ဆေးရုံအတွင်း အထူးကုဆရာဝန်ကြီးများက သဃ်န်းညီနောင် ဒေသခံပြည်သူများနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ကျေးရွာသူ၊ ကျေးရွာသားများအား ရောဂါရှာဖွေစမ်းသပ်မှုများ ပြုလုပ်ပေးခဲ့ပြီး ရောဂါအလိုက် ဆေးကုသပေးမှု ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေး၍ ပြည်နယ်၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က မျက်စိဝေဒနာရှင်များအတွက် လှူဒါန်းသော မျက်မှန်များကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် နယ်မြေခံတပ်နယ်မှူးများက လှူဒါန်းတပ်ဆင်ပေးခဲ့သည်။

အဆိုပါ သဃ်န်းညီနောင်ရှိ တိုက်နယ်ပြည်သူ့ဆေးရုံတွင် ဘားအံပြည်သူ့ဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးများနှင့် မြဝတီခရိုင် ပြည်သူ့ဆေးရုံမှ အထူးကု ဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့ ၁၀ ဖွဲ့ဖြင့် ဆေးဝါးအခမဲ့ကုသပေးမှုတွင် လာရောက်ကုသသူ စုစုပေါင်း ၅၈၆ ဦးဖြစ်ပြီး မျက်စိဝေဒနာရှင်များအား မျက်မှန် ၁၀၆ လက်ကို အခမဲ့ ဖြန့်ဝေတပ်ဆင်ပေးခဲ့သည်။

ကရင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနအနေဖြင့် အထူးကုဆရာဝန်ကြီးများ အပါအဝင် ကျန်းမာရေးဝန်ထမ်းများဖြင့် လစဉ်ကျေးလက်ဒေသများသို့ ကွင်းဆင်း၍ ကျေးလက်နေပြည်သူများအား အခမဲ့ဆေးဝါးကုသမှုများ လစဉ်ကွင်းဆင်းကုသဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# သီရိလင်္ကာပြပွဲ ၂၀၁၂ ၌ မြန်မာနိုင်ငံပါဝင်ပြသရန်ဖိတ်ကြား

ရန်ကုန် ဒီဇင်ဘာ ၂၇

သီရိလင်္ကာနိုင်ငံ Export Development Board (EDB) မှ သီရိလင်္ကာပြပွဲ ၂၀၁၂ ကို ၂၀၁၂ ခုနှစ်မတ် ၂၈ ရက်မှ ၃၀ ရက်ထိ ကျင်းပမည်ဖြစ်သည်။

ပြပွဲတွင် အာရှအချက်အချာနှင့် မိတ်ဖက်ပြမှုအကြောင်းအရာအဖြစ် သန်းချီကုန်သွယ်မှု ရင်းနှီးမြှုပ်နှံရေးနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲသို့ မြန်မာနိုင်ငံမှ သွားရောက်ပြသလိုသည့် ကုမ္ပဏီအမည်စာရင်း၊ ပစ္စည်းစာရင်းနှင့် တက်ရောက်မည့် ပုဂ္ဂိုလ်တို့၏ အမည်စာရင်းတို့ကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် နောက်ဆုံးထား၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရှိရသည်။ (အောင်အောင်)

# ကမ်းရိုးတန်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်



နေပြည်တော် ဒီဇင်ဘာ ၂၇

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိနှင့် ရခိုင်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၇ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်များမှာ** ပင်လောင်းမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်နှင့် ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နမ့်စန်မြို့တွင် သုည ဒသမ ၁၅ လက်မနှင့် တောင်တွင်းကြီးမြို့တွင် သုည ဒသမ ၁၂ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း"သိမ်း"(THANE)သည် အိန္ဒိယနိုင်ငံ ချင်းနိုင် (Chennai) မြို့၏ အရှေ့တောင်ဘက် မိုင် ၄၁၀ ခန့်အကွာ (မြန်မာနိုင်ငံ ပုသိမ်မြို့၏ အနောက်တောင်ဘက် မိုင် ၅၆၀ ခန့်အကွာ၊ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် မိုင် ၅၂၀ ခန့် အကွာ) ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် ပိုမိုအားကောင်းလာနိုင်ပြီး မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်ထူထပ်နေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၅၅ မိုင်မှ မိုင် ၆၀ အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

ကမ်းရိုးတန်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။



ရန်ကုန်မြို့ လှိုင်မြို့နယ်နေ ဒေါ်ငြိမ်းမယ်(ကျိုက်မရောမြို့)၏ (၉၈)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီး၌ အသုံးပြုရန် သံဃာနှစ်ပါးစာ ခုတင်၊ မွေ့ရာ၊ ဗီရိုနှစ်စုံအတွက် အလှူငွေကျပ် ၁၀ သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံစဉ်။

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

# ရင်ချင်းဆက်အမြွှာများအား ခွဲစိတ်ကုသခြင်းအတွက် ထောက်ပံ့ငွေလှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၂၇

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်သည် ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ကလေးဆေးရုံကြီးသို့ သွားရောက်ကာ ကလေးဆေးရုံကြီးရှိ ရင်ချင်းဆက်အမြွှာများအား ခွဲစိတ်ကုသခြင်းအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ ကလေးဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကြည်ဝင်းနှင့် တာဝန်ရှိသူများက လက်ခံကြပြီး **(အောက်ပုံ)** ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ဥတု ရာသီ တောကို မှီ၏**

**ကရင်ပြည်နယ် အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ပထမဆုရ မြဝတီမြို့နယ် ကျောင်းသားအားကစားသမားများအား ဂုဏ်ပြုပွဲကို ဒီဇင်ဘာ ၃ ရက်က အထက(မြဝတီ)ကျောင်းအားကစားခန်းမ၌ ကျင်းပရာ အောင်ပွဲရ အားကစားသမားများ ကိုယ်စား အသင်းအုပ်ချုပ်သူက ပထမဆုရ ဒိုင်းဆုကြီးကို မြို့နယ်ပညာရေးမှူး ဒေါ်မြမြသီထံ ပေးအပ်စဉ်။**

(၅၇၀)

# ငါး၊ ပုစွန်လုပ်ငန်းရှင်အသင်းများ နှစ်ပတ်လည် စည်းဝေးမည်

ရန်ကုန် ဒီဇင်ဘာ ၂၇

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ငါး၊ ပုစွန်၊ အစာထုတ်လုပ်ရောင်းဝယ်သူများ အသင်း၊ မြန်မာနိုင်ငံရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများအသင်းနှင့် အလှမွေးငါး လုပ်ငန်းရှင်များအသင်းတို့၏ နှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များအနေဖြင့် နှစ်ပတ်လည် အစည်းအဝေးသို့ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မီးသတ်ယာဉ် ဝင်/ထွက်လမ်းများ စစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၇

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးလောင်မှုဖြစ်ပွားပါက မီးသတ်ယာဉ်များ ထိရောက်လျင်မြန်စွာ မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်နိုင်ရေးအတွက် မြို့နယ်ရပ်ကွက်များအတွင်းရှိ လမ်းများ၊ လမ်းထိပ်ရှိ ရေငုတ်များအား စစ်ဆေးခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်မင်း၊ မြို့နယ်လျှပ်စစ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးထိန်လင်း၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများလိုက်ပါပြီး မီးသတ်ယာဉ်ဖြင့် လက်တွေ့မောင်းနှင်ဝင်ရောက်စေကာ အတားအဆီးများ ရှင်းလင်းဖယ်ရှားထားရန် လိုက်လံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ကြေးမုံ)



# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၈-၁၂-၂၀၁၁ (ဗုဒ္ဓဟူးနေ့)**

AM & PM

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၄၀ | "သူအကြောင်းနဲ့သူ" တရားတော် (ဆရာတော်ဘဒ္ဒန္တပဏ္ဍိတ) |
| ၆း၃၀ | ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟုထင်ပေါ် မန္တလေးမြို့က ကျောက်စာတော်စေတီတော် |
| ၆း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၆၉)** |
| ၇း၃၀ | MRTV-4 သတင်း |
| ၈း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၂၂)** |
| ၈း၅၀ | Show Room (ဟာသဇာတ်လမ်းတွဲ) (အပိုင်း-၁၂) |
| ၈း၅၅ | ရန်ကုန်မြင်ကွင်းကျယ် |
| ၉း၁၀ | ဖူးမဝထူးလှသည့် ရှင်စောမြတ်စေတီတော် ဆီမီး၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ပွဲ |
| ၉း၃၀ | Activities in The City |
| ၁၀း၀၀ | ရွှေဥရာစုသစ် 21st Century's Latest Jewellery |
| ၁၀း၁၅ | ဓာတ်ပုံထဲမှအမှတ်တရများ |
| ၁၀း၄၀ | မောတို့ဌာနီ ရှမ်းတို့ပြည်မှ အလှတရား |
| ၁၀း၅၀ | Activities in The City |
| ၁၁း၁၀ | ကရုဏာမီးအိမ်အလင်း. . . ထွန်းလင်းစေသောဝ် |
| ၁၁း၂၅ | TOYO Battery ၏စက်ရုံ အလည်အပတ်ခရီးစဉ်နှင့် ရောင်းအားအကောင်းဆုံး ဆုချီးမြှင့်ပွဲအခမ်းအနား |
| ၁၁း၄၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်"(အပိုင်း-၇)** |
| ၁၂း၂၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၁၂း၄၀ | ပြည်မြို့လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့် မြတ်စွယ်တော်အပူဇော်ခံပွဲ |
| ၁း၀၀ | "သူအကြောင်းနဲ့သူ" တရားတော် (ဆရာတော်ဘဒ္ဒန္တပဏ္ဍိတ) |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၂၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၂း၄၅ | ရိုက်ကွင်းပေါ်မှအနုပညာ |
| ၂း၅၅ | Total E-Banking Solution နှင့်မိတ်ဆက်ခြင်း |
| ၃း၁၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၆၉)** |
| ၄း၁၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၂၂)** |
| ၅း၀၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၅း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်"(အပိုင်း-၇)** |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၁၅ | ဖက်ရှင်လမ်းညွှန် |
| ၆း၄၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၇၀)** |
| ၇း၄၀ | Cartoon Show Time |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၃၀ | ရယ်စရာဖေးရှင်း (အင်တာနက်ချစ်သူ) |
| ၈း၅၅ | Celebrity Style |
| ၉း၁၀ | Show Room (ဟာသဇာတ်လမ်းတွဲ)(အပိုင်း-၁၃) |
| ၉း၂၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၂၃)** |
| ၁၀း၁၀ | နေချင်စဖွယ်အိမ်အလှဆင်ကြမယ် |
| ၁၀း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်"(အပိုင်း-၈)** |
| ၁၁း၁၀ | "စွမ်းရည်ထက်" မှသည် အရည်အသွေးမြင့် ထုတ်ကုန်များဆီသို့. . . |
| ၁၁း၂၅ | World of Knowledge |
| ၁၂း၁၀ | သီးနှံစိုက်ပျိုးအထွက်တိုး "ပြည်ပဝင်ငွေရစေရာ ဆေးဖက်ဝင်သစ်ခွစိုက်ပါ" |
| ၁၂း၂၀ | Celebrity Profile |
| ၁း၀၀ | မြို့အလှဂုဏ်ကြွယ်. . . ရိုးရာစားဖွယ် |
| ၁း၁၅ | Shooting Location |
| ၁း၄၀ | စေတနာအမှန်ဖြင့်. . . |
| ၁း၅၅ | Barclays Premier League (Norwich City Vs Spurs) |
| ၃း၅၅ | SAKURA DENTAL CLINIC |
| ၄း၁၀ | လူနေမှုဘဝအလှထဲက မြန်မာ့သနပ်ခါး |
| ၄း၃၀ | ရောင်စုံပန်းတို့အလှခြယ်ရာ. . . ကမ်းလင့်မေတ္တာဖေးကူပါ |
| ၄း၄၅ | ရှေးမူလက်ရာလေ့လာစရာ ဖိုလ်ဝင်နှင့်ရွှေဘတောင်တော်မှာ |
| ၅း၀၀ | အစီအစဉ်ပြီး။ |

**Barclays Premier League ဘောလုံးပွဲစဉ်များ**

| နံနက်ပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁း၅၅ | Norwich City -Spurs | ESPN (MRTV-4) (Live) |

ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

ပြည်တွင်း ပြည်ပ အားကစား ပြည်တွင်း ပြည်ပ အားကစား ပြည်တွင်း ပြည်ပ အားကစား

# MNL ကွန်မြူနတီဒိုင်းရန်ပုံငွေ ဘောလုံးပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၂ MNL ကွန်မြူနတီဒိုင်းကွင်းဖွင့်ရန်ပုံငွေ ဘောလုံးပြိုင်ပွဲအဖြစ် ၂၀၁၁ MNL အမှတ်ပေးနှင့် MFF CUP ရှုံး/ထွက် ချန်ပီယံရန်ကုန်ယူနိုက်တက်အသင်း**(ယာပုံ)**နှင့် MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယဆုရ ဧရာဝတီယူနိုက်တက် **(အောက်ပုံ)** အသင်းတို့သည် ဒီဇင်ဘာ ၃၁ ရက် ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့သည် လာမည့် ၂၀၁၂ AFC CUP ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားသည့် အသင်းများဖြစ်ပြီး ရာသီကြိုပြင်ဆင်မှုများစွာပြုလုပ်လျက်ရှိသည်။ MNL ကလပ်အသင်းအချင်းချင်း ခြေစမ်းပွဲများယှဉ်ပြိုင်ကစားနေသလို မလေးရှားကလပ်အသင်းတစ်သင်းဖြစ်သည့် မလေးရှားကြည်းတပ်အသင်းနှင့် ခြေစမ်းကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက ငါးဂိုး- သုံးဂိုး၊ ဧရာဝတီယူနိုက်တက်အသင်းက နှစ်ဂိုး- တစ်ဂိုးတို့ဖြင့် နှစ်သင်းစလုံးအနိုင်ရရှိခဲ့သည်။

ကွင်းဝင်ကြေးအဖြစ် အထူးတန်း ကျပ် ၁၀၀၀၊ ရိုးရိုးတန်း ကျပ် ၅၀၀ သတ်မှတ်ထားပြီး ရရှိသော ကွင်းဝင်ကြေးအားလုံးကို လူမှုရေးအဖွဲ့အစည်းတစ်ခုသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ ၂၀၁၂ MNL အမှတ်ပေးပြိုင်ပွဲကို ဇန်နဝါရီ ၇ ရက်တွင် စတင်ကျင်းပမည် ဖြစ်သည်။

(ကြေးမုံ)





**✻ ကျောဖုံးမှ**

စွမ်းဆောင်ထားနိုင်ခဲ့သည်။ အထူးသဖြင့် ယခုနှစ် ဘောလုံးရာသီတွင် မြို့ခံပြိုင်ဘက်မန်ယူနှင့် ရမှတ်တူဂိုးကွာခြားချက်ဖြင့် ဇယားထိပ်တွင်ဦးဆောင်နိုင်သည်အထိ စွမ်းဆောင်နိုင်ခဲ့သည်။

ထို့ကြောင့် ၎င်းအား ဂျူဗင်တပ်နှင့် အေစီမီလန်အသင်းတို့က ၎င်းတို့၏ မန်နေဂျာအဖြစ် အီတလီသို့ပြန်လာရန် ကမ်းလှမ်းထားသည်။ယင်းကြောင့် မန်စီးတီးအသင်းသည် ၎င်းနှင့် စာချုပ်သစ်ထပ်မံချုပ်ဆိုရန် ဆွေးနွေးလာခြင်းဖြစ်သည်။

အသက်(၄၇)နှစ်ရှိ အီတလီနိုင်ငံသား မန်စီနီသည် အသင်းမှထွက်ခွာမည် မဟုတ်ကြောင်းနှင့် ဥရောပတွင် အောင်မြင်မှုရယူရန်အတွက် မန်စီးတီး၌သာ ဆက်လက်နေမည်ဟု ထုတ်ဖော်ပြောကြားခဲ့သဖြင့် စာချုပ်သစ်ချုပ်ဆိုမှုမှာ နှစ်သစ်ကူးကာလအတွင်း ဖြစ်လာနိုင်ဖွယ်ရှိသည်။

The Sun

# အေဘာရာမိုဗစ်ထံမှ ခရစ္စမတ်လက်ဆောင်အဖြစ် ကစားသမားဝယ်ယူစရိတ် ပေါင်သန်း ၁၅၀ ရရှိခဲ့သည့် အန်ဒရီဗီလာဘို့စ်

**လန်ဒန် ဒီဇင်ဘာ ၂၇**

ချယ်လ်ဆီးနည်းပြ အန်ဒရီဗီလာဘို့စ်သည် အသင်းပိုင်ရှင် အေဘာရာမိုဗစ်ထံမှ ခရစ္စမတ်လက်ဆောင်အဖြစ် ကစားသမား ဝယ်ယူစရိတ် ပေါင်သန်း ၁၅၀ ရရှိခဲ့သည်။

ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘာရာမိုဗစ်သည် မန်ချက်စတာအသင်း နှစ်သင်းနှင့် အမှတ်ကွာဟမှုကို အဆုံးသတ်ရန် ရည်ရွယ်၍ လာမည့်အပြောင်းအရွှေ့ကာလအတွင်း ကစားသမားသစ် ထပ်မံဝယ်ယူအားဖြည့်ရန် ယခုကဲ့သို့ စရိတ်ထုတ်ပေးခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ချယ်လ်ဆီးအသင်းသည် နာပိုလီအသင်းတိုက်စစ်မှူး ကာဗာနီအား ပေါင်သန်း ၅၀ ဖြင့် ကမ်းလှမ်းထားပြီး ယင်းအသင်း၏ ကွင်းလယ်ကစားသမား ဟမ်ဟစ်ကိုလည်း ပေါင်သန်း ၃၀ ဖြင့် ခေါ်ယူရန် ပြင်ဆင်နေသည်။

ထို့ပြင် ချယ်လ်ဆီးအသင်းသည် ဂျူဗင်တပ် တောင်ပံကစားသမား ကရာဆစ်ကိုလည်း ပေါင်သန်း ၂၀ ဖြင့် ဝယ်ယူရန် ရည်ရွယ်ထားပြီး ဘော်လ်တန်နောက်ခံလူ ဂယ်ရီကာဟေးလ်ကို ပေါင်ခုနစ်သန်းဖြင့် ခေါ်ယူရန် နီးစပ်နေပြီဖြစ်သည်။

ထို့ကြောင့် ကစားသမားသစ်များကို စျေးကြီးပေးပြီး ထပ်မံအင်အားဖြည့်တင်းလာမည့် ချယ်လ်ဆီးအသင်းသည် အသင်းပိုင်ရှင် အေဘာရာမိုဗစ်သဘောတွေ့နိုင်လောက်အောင် စွမ်းဆောင်နိုင်မည်လားဆိုသည်ကို လက်ကျန်ပွဲစဉ်များတွင် စောင့်ကြည့်ရမည်ဖြစ်သည်။

***အင်တာနက်။***



**ချယ်လ်ဆီးအသင်း၏ ပွဲကိုင်ရှင် အန်ဒရီဗီလာဘို့စ်။**

# စုပေါင်းလမ်းလျှောက် ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဒီဇင်ဘာအားကစားလ စတုတ္ထပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၄ ရက် နံနက်က ပန်းခြံလမ်းဆုံစုရပ်မှ လှိုင်မြစ်လမ်းမကြီး အောင်ဇေယျကြိုးတံတားပေါ်စုရပ်အထိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်သိန်း၊ မြို့နယ်အားကစားမှူး ဦးစိုင်းဉာဏ်ထွန်းအောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ NGO အဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လုပ်သားပြည်သူအင်အား ၁၅၀၀ တို့ တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး ၎င်းတံတားပေါ်တွင် မြို့နယ်အားကစားမှူးနှင့်အတူ ကိုယ်လက်ကြံ့ခိုင်ရေး သွေးပူလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)** (၆၈၄)



## ဟိန်းထက်လင်း



# စာရေးဆရာ တက္ကသိုလ်မောင်သုလှိုင် ရေးသားပြုစုသည့် ဘုရင့်နောင်ကျော်ထင်နော်ရထာ ရာဇဝင်ဝတ္ထုတော်ကြီးစာအုပ် ပဉ္စမအကြိမ်ထုတ်ဝေဖြန့်ချိ

စာရေးဆရာ တက္ကသိုလ်မောင်သုလှိုင် ရေးသားပြုစုသော ဘုရင့်နောင်ကျော်ထင်နော်ရထာရာဇဝင်ဝတ္ထုတော်ကြီးစာအုပ်ကို ရွှေမြန်မာစာပေမှ ပဉ္စမအကြိမ် ထုတ်ဝေဖြန့်ချိလိုက်သည်။



အဆိုပါ စာအုပ်တွင် ဘုရင့်နောင်မင်းတရားကြီး မွေးဖွားသည်မှအစပြု၍ နတ်ရွာစံသည့်အချိန်အထိ ဖြစ်စဉ်များကို သမိုင်းနောက်ခံမှတ်တမ်းများဖြင့် ကိုးကားဖော်ပြထားသည်။ ဘုရင့်နောင်မင်းတရားကြီး၏ ငယ်စဉ်ဘဝ အချစ်ဇာတ်လမ်းများအပါအဝင် ဟံသာဝတီပြည့်ရှင် မင်းတရားကြီးဖြစ်လာပြီးနောက် မြတ်ဘုရားရွှေတိဂုံ ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားအပါအဝင် သာသနာ့အကျိုးသယ်ပိုးခဲ့ပုံ၊ တိုင်းပြည်အေးချမ်းသာယာရေးကြိုးပမ်းခဲ့ပုံ၊ နောင်ရိုးတိုက်ပွဲအောင်နိုင်ခဲ့ပုံ၊ ကမ္ဘောဇသာဒီနန်းမြို့သစ်တည်ခဲ့ပုံ၊ တိုင်းခြားပြည်သားတို့နှင့် ကုန်သွယ်ကူးသန်းခဲ့ပုံ၊ ဒုတိယမြန်မာနိုင်ငံတော် တည်ထောင်အောင်မြင်ခဲ့ပုံ စသည်တို့ကို ဖော်ပြထားသည့်အပြင် သားတော်၊ သမီးတော်၊ ညီတော်၊ မြေးတော်များ၏ အချစ်ရေး၊ စစ်ရေးတို့ကိုပါ ဖြစ်ရပ်မှန်နောက်ခံပြုဖတ်ချင့်စဖွယ်ဝတ္ထုပုံစံဖြင့် ရေးသားထားသည်။

အဆိုပါ စာအုပ်ကို အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်များနှင့် ဖုန်း-၀၉-၄၃၀၅၁၅၅၉၊ ၀၉-၅၁၂၁၇၆၉၊ ၀၁-၅၄၁၆၃၆၊ ၀၆၇-၃၆၁၄၀ တို့သို့ ငွေကျပ် ၃၆၀၀ နှုန်းဖြင့် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

# ကျော်ဇေယျာ(ရွှေပြည်စိုး)၏ မြန်မာပေးမည့် ကမ္ဘာ့ငြိမ်းချမ်းရေး စာအုပ်ထုတ်ဝေ

၂၁ ရာစုသည် လမ်းကြောင်းသစ်တစ်ခုပေါ်ရောက်ရှိလာသည့် ကမ္ဘာကြီး၏ ထူးထူးခြားခြား အကြောင်းအရာများနှင့် စတင်ကြုံတွေ့လာရသော ရာစုနှစ်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်များနှင့် ကပ်ရောဂါဆိုးကြီးများက ကမ္ဘာ့လူသားထုတစ်ရပ်လုံးကို စိန်ခေါ်ခြိမ်းခြောက်နေသည်။ ဒွန်တွဲနေသော လူသားများသည် စိတ်ပိုင်းဆိုင်ရာထက် ရုပ်ပိုင်းဆိုင်ရာကို ပိုပြီးဦးစားပေးလာကြသည်။

စိတ်ပိုင်းဆိုင်ရာ တန်ဖိုးများ ပျောက်ဆုံးကျဆင်းလာပြီး ရုပ်ပိုင်းဆိုင်ရာတွေလည်း မငြိမ်မသက်ဖြစ်လာရသည်။ ထို့ကြောင့် ကမ္ဘာကြီးမှာလည်း မငြိမ်းမချမ်းဖြစ်လာရသည်။ ယခုစာအုပ်၌ စာရေးသူက မငြိမ်းမချမ်းဖြစ်နေသော ကမ္ဘာ့လူသားများအတွက် ငြိမ်းချမ်းရေးရအောင် စွမ်းဆောင်ပေးနိုင်သည့်နည်းလမ်းကို ဖော်ထုတ် ဖွင့်ချပြထားပြီး ထိုနည်းလမ်းမှာ မြန်မာကပေးမည့် ကမ္ဘာ့ငြိမ်းချမ်းရေးပင်ဖြစ်ကြောင်း ညွှန်းဆိုထားပေသည်။



နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) သစ္စာလမ်းမကြီး ရန်ကင်းမြို့နယ် ဖုန်း-၀၉-၇၃၂၀၁၉၁၁နှင့် မန္တလေးမြို့ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် အခြားစာအုပ်ဆိုင်ကြီးများတွင် တစ်အုပ်လျှင် ငွေကျပ် ၁၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

# သင်္ချာကစားကွင်း စာအုပ်ထွက်ရှိ

ဆရာဘိုကြီး၏ သင်္ချာကစားကွင်း စာအုပ်ထွက်ရှိလာသည်။ လူသားများသည် ပျော်ရွှင်မှုကိုမြတ်နိုးကြပြီး လျှို့ဝှက်ဆန်းကြယ်မှုတွေကိုလည်း ရှာဖွေလေ့လာခဲ့ကြကြောင်း၊ သင်္ချာသဘောတရားဆိုင်ရာ ပျော်ရွှင်မှုတွေ၊ လှည့်စားမှုတွေ၊ ဆန်းကြယ်မှုတွေကို ကိန်းဂဏန်းတွေနဲ့ကစားရင်း သိရှိလာခဲ့ကြောင်း၊ ကိန်းဂဏန်းအချင်းချင်းဆက်စပ်ပုံ၊ လောကသဘာဝနှင့် ဆက်စပ်ပုံသာမက သင်္ချာဆိုင်ရာလှည့်စားမှု၊ အံ့သြစရာအပြင် ပတ်ဝန်းကျင်နှင့်လူသားအကျိုးပြုသည့် နည်းလမ်း၊ အဆောက်အအုံ၊ တံတားကြီး တည်ဆောက်မှုမှာလည်း သင်္ချာဆိုင်ရာတွက်ချက်မှု၊ ကွန်ပျူတာ၊ အင်တာနက်တို့၏ အချက်အလက်ပေးဝေ ဖြန့်ချိမှု "ကုတ်"များသည် ကိန်းဂဏန်းများဖြစ်ကြောင်း စသည်တို့ကို သင်္ချာသဘောတရားနှင့် တွက်ချက်မှု၊ ပျော်ရွှင်မှုများနှင့်အတူ တင်ပြထားသည်။ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၉)လမ်း အထက် ပထမထပ် အမှတ်(၂၇၇) မဇ္ဈိမစာပေ ဖုန်း-၃၉၂၈၃၅၊ ၀၉-၅၀၅၆၀၄၃၊ ၀၉-၇၃၀၅၉၉၃၅ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။




## နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

# ၉/၁၁ အကြမ်းဖက်မှုတွင် သေဆုံးခဲ့သည့် ဖခင်၏လျှို့ဝှက်ချက် သားငယ်တစ်ဦး၏ ရှာပုံတော်

# (Extremely Loud and Incredibly Close)

Extremely Loud and Incredibly Close **(ယာပုံ)** ဇာတ်ကားသည် ဂျိုနသန်ဆာဖရန်ဖိုး၏ ဝတ္ထုကို ဒါရိုက်တာ စတီဖင်ဒယ်လ်ဒရိုင်းက ရုပ်ရှင်ကားအဖြစ် ဖန်တီးအသက်သွင်း တင်ပြထားသည့် စိတ်ကူးယဉ်ဆန်ဆန် ဇာတ်ကားတစ်ကားဖြစ်သည်။

အသက်ကိုးနှစ်အရွယ် အိုဆကာသည် ၂၀၀၁ ခုနှစ် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအမြွှာအဆောက်အအုံ အကြမ်းဖက်တိုက်ခိုက်ခံရစဉ် သေဆုံးသွားခဲ့သော ဖခင်က ၎င်းအတွက် နောက်ဆုံးသတင်းပေးပို့ချက် လျှို့ဝှက်ချက်တစ်ခုသည် နယူးယောက်မြို့၏တစ်နေရာတွင် ရှိနေလိမ့်မည်ဟု ယုံကြည်နေသူဖြစ်သည်။ သောကရောက်နေသူမိခင်၏ ဥပေက္ခာပြုခြင်းခံနေရသူ အိုဆကာသည် ဖခင်၏လျှို့ဝှက်ချက်ကို ရှာဖွေရန် ကားကိုခပ်ကြမ်းကြမ်းမောင်းထွက်လာကာ ရှာပုံတော်ခရီးစတင်ခဲ့သည်။ အိုဆကာသည် နောက်ဆုံးတွင် ဖခင်၏ လျှို့ဝှက်ချက်ကို ရှာဖွေတွေ့ရှိခဲ့သော်လည်း ၎င်း၏ ရှာပုံတော်ခရီးစဉ်သည် နယူးယောက်မြို့ကြီး၏ ခရိုင်ငါးခုကို ကျော်ဖြတ်ခဲ့သည်အထိ ရှည်လျားခဲ့ပြီး ပတ်ဝန်းကျင်ကမ္ဘာမှ လေ့လာသင်ယူစရာများ ဆုံးရှုံးခဲ့ခြင်းနှင့်ပတ်သက်၍ နောင်တကြီးစွာ ရခဲ့ရလေသည်။

၎င်းဇာတ်ကားတွင် အိုဆကာအဖြစ် သောမက်စ်ဟွန်းက သရုပ်ဆောင်ပြီး မင်းသားကြီး တွန်ဟန့်ခ်နှင့် အော်စကာဆုရှင်မင်းသမီး ဆန်ဒရာဘူးလော့ခ်တို့က အဓိကဇာတ်ဆောင်များအဖြစ် ပါဝင်သရုပ်ဆောင်ထားကြပြီး ယင်းဇာတ်ကားကို အမေရိကန်နိုင်ငံတွင် ဒီဇင်ဘာ ၂၅ ရက်က စတင်ဖြန့်ချိနေပြီဖြစ်သည်။

***အင်တာနက်။***

## အေဝမ်းစိုး



# ၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ ကျောက်မျက် ၁၅၃ တွဲနှင့် ကျောက်စိမ်း ၁၈၇၃ တွဲ ရောင်းချရ

နေပြည်တော် ဒီဇင်ဘာ ၂၇

**မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ကျောက်မျက် ရတနာပြတိုက်အနီးရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်းပြည်ပမှ ရတနာ ကုန်သည်များဖြင့် အထူးစည်ကားလျက်ရှိသည်။**

တတိယနေ့ပြပွဲတွင် ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များသည် ခင်းကျင်းပြသထားသည့် ကျောက်မျက် အတွဲများနှင့် ကျောက်စိမ်းအတွဲများအား စိတ်ဝင်တစားကြည့်ရှုရွေးချယ် ကြပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဈေးနှုန်းအဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြရာ ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြား ရေးမှူး ဦးသိန်းဆွေနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို လိုက်လံ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ယနေ့နံနက်ပိုင်းတွင် ကျောက်မျက်အတွဲပေါင်း ၁၅၃ တွဲကို အိတ်ဖွင့် တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချရသည်။

ထို့အတူ ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါ စနစ်ဖြင့် စတင်ရောင်းချရာ ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များက ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစားကြည့်ရှုရွေးချယ်၍ ဈေးနှုန်း အဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်း ကြပြီး ညနေပိုင်းတွင် တာဝန်ရှိသူများက တင်ဒါပုံးများကို ဖွင့်ဖောက် စစ်ဆေးကြရာ ကျောက်စိမ်းအတွဲ ပေါင်း ၁၈၇၃ တွဲ ရောင်းချရ ကြောင်း သိရှိရသည်။

၂၀၁၁ ခုနှစ် နှစ်လယ် မြန်မာ့ ကျောက်မျက်ရတနာ ပြပွဲကို နေပြည်တော် ကျောက်မျက်ရတနာ ပြတိုက်အနီးရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဒီဇင်ဘာ ၂၄ ရက်မှ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၃ ရက်အထိ ဆက်လက်ကျင်းပသွား မည်ဖြစ်ပြီး ကျောက်စိမ်းအတွဲ များကို ဒီဇင်ဘာ ၂၇ ရက်မှ ၃၁ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လည်းကောင်း၊ ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ ဈေးပြိုင်စနစ်ဖြင့် လည်းကောင်း ဆက်လက်ရောင်းချ သွားမည်ဖြစ်သည်။ (သတင်းစဉ်)



**၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက် ရတနာပြပွဲ တတိယနေ့၌ ကျောက်စိမ်းအတွဲ များကို ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ စိတ်ဝင်တစား ကြည့်ရှုလေ့လာကြစဉ်။**(သတင်းစဉ်)

# အမျိုးသားစာပေဆုချီးမြှင့်ပွဲအခမ်းအနား အချိန်ပြောင်းလဲကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

၂၀၁၀ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမကြီး၌ ကျင်းပမည်ဖြစ်ကြောင်း ကြေညာထားရာ ရက်နှင့်နေရာပြောင်းလဲမှုမရှိဘဲ မူလက ကြေညာထားသည့် နံနက် ၉ နာရီ(အစား) နံနက် ၈ နာရီသို့ အချိန်ပြောင်းလဲကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရောဝတီတံတား(ပခုက္ကူ) ရေလမ်းကြောင်းသတ်မှတ်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရောဝတီတံတား(ပခုက္ကူ) ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်း ကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁၉)နှင့် (၂၀)အကြားမှ လည်းကောင်း၊ အဆန် လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁၈)နှင့် (၁၉) အကြားမှလည်းကောင်း ဒီဇင်ဘာ ၂၈ ရက်မှစ၍ သတ်မှတ်ဖွင့်လှစ်မည်ဖြစ်သည်။

သတ်မှတ်ဖွင့်လှစ်မည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၂၆၂ ပေရှိပြီး ကင်းလွတ် အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၅၂ ပေ ရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက် တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသား ပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင် ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေ ခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသ ထားမည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံ မှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ် တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြု ရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

## နိုင်ငံတကာ အားကစားသတင်းများ

# နောက်တစ်ကြိမ် အသင်းပြောင်းဖြစ်မည်ဆိုပါက အင်္ဂလန်သို့ပြန်လာမည်ဟု မော်ရင်ဟိုပြောကြား



**မက်ဒရစ် ဒီဇင်ဘာ ၂၇**

ရီးယဲလ်မက်ဒရစ်နည်းပြ ဟိုဆေးမော်ရင်ဟိုက နောက်တစ်ကြိမ် အသင်းပြောင်းဖြစ်မည်ဆိုပါက ပရီမီယာလိဂ်သို့ ပြန်လည်ခြေချမည်ဟု ထုတ်ဖော် ပြောကြားခဲ့သည်။ မော်ရင်ဟိုသည် ပရီမီယာလိဂ် ကလပ်ချယ်လ်ဆီးအသင်းကို ကိုင်တွယ်စဉ်က အမှတ် ပေးဖလား နှစ်ကြိမ် ဆွတ်ခူးပေးနိုင်ခဲ့ပြီး ၂၀၀၇ ခုနှစ် တွင် ချယ်လ်ဆီးကို ကျောခိုင်းခဲ့သည်။

ပရီမီယာလိဂ်ဘောလုံးလောကတွင် စပယ်ရှယ်ဝမ်း အဖြစ် လူသိများခဲ့သည့် မော်ရင်ဟို**(ဓါတ်ပုံ)**က မိမိသည် ပရီမီယာလိဂ်တွင် အောင်မြင်မှုရယူရန် ဆန္ဒပြင်းပြနေ သေးကြောင်း၊ ထို့ကြောင့် နောက်တစ်ကြိမ် အသင်း ပြောင်း ဖြစ်မည်ဆိုပါက ပရီမီယာလိဂ်သို့ တစ်ကျော့ ပြန်လာမည်ဖြစ်ကြောင်း၊ ယင်းကိစ္စအထမြောက်ရန်မှာ နောက်နှစ်နှစ်ခန့်လိုသေးကြောင်း ထုတ်ဖော်ပြောကြား ခဲ့သည်။ **အင်တာနက်။**

# မန်စီးတီးနည်းပြ မန်စီနီ အသင်းနှင့် စာချုပ်သစ်ထပ်မံချုပ်ဆိုရန် သဘောတူညီ



**မန်ချက်စတာ ဒီဇင်ဘာ ၂၇**

မန်စီးတီးအသင်းသည် ၎င်းတို့၏ နည်းပြမန်စီနီနှင့် စာချုပ်သစ်ထပ်မံချုပ်ဆိုရန် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်နေကြောင်း သိရသည်။ အဆိုပါတွေ့ဆုံဆွေးနွေးမှုအရ မန်စီးတီးအသင်းသည် မန်စီနီ**(ယာပုံ)**အား တစ်နှစ် လုပ်ခ လစာ ပေါင် ငါးသန်းဖြင့် သုံးနှစ်ခွဲသက်တမ်းရှိ စာချုပ်သစ်ဖြင့် ထပ်မံကမ်းလှမ်းထားသည်။ ထို့ကြောင့် ယင်းစာချုပ်သစ်ကိစ္စအထမြောက်ခဲ့ပါက မန်စီနီသည် ပရီမီယာလိဂ်နည်းပြများအတွင်း လစာအမြင့်ဆုံးရရှိသည့် နည်းပြအဖြစ် ရပ်တည်လာနိုင်မည်ဖြစ်သည်။

မန်စီနီသည် မန်စီးတီးအသင်းအား ၂၀၀၉ ခုနှစ်က စတင်ကိုင်တွယ်ခဲ့ပြီး ၎င်းကိုင်တွယ်ခဲ့သည့် နှစ်နှစ်တာ ကာလအတွင်း မန်စီးတီးအသင်းအား အကောင်းဆုံးပုံစံရရှိအောင် **စာမျက်နှာ ၁၀ ကော်လံ ၃ သို့ ✱**

# ယနေ့ သတင်းအညွှန်း

**ကရင်ပြည်နယ်မှ အထူးကု ဆရာဝန်ကြီးများပါဝင်သော ကွင်းဆင်းကုသရေးအဖွဲ့ အခမဲ့ကွင်းဆင်းကုသ**

သတင်း စာမျက်နှာ - ၉

**မော်တော်ယာဉ်တင်သွင်းသူများ အဆင်ပြေချောမွေ့စေရေး အကောက်ခွန်လုပ်ငန်းစဉ်များ ပြောင်းလဲပြင်ဆင်သတ်မှတ်**

သတင်းမှတ်စု စာမျက်နှာ - ၈

**၉/၁၁ အကြမ်းဖက်မှုတွင် သေဆုံးခဲ့သည့် ဖခင်၏ လျှို့ဝှက်ချက် သားငယ်တစ်ဦး၏ ရှာပုံတော်**

နိုင်ငံတကာရုပ်ရှင် စာမျက်နှာ - ၁၀

**ကမ္ဘာ့ဆဋ္ဌမ စီးပွားရေး အင်အားကြီးနိုင်ငံအဖြစ် ဗြိတိန်၏ နေရာတွင် ဘရာဇီးအစားထိုး**

နိုင်ငံတကာသတင်း စာမျက်နှာ - ၄

**ဘဂ္ဂဒက်၌ ဖြစ်ပွားသော ပေါက်ကွဲမှုများ အယ်လ်ခိုင်ဒါအဖွဲ့၏ ပယောဂမကင်း**

နိုင်ငံတကာသတင်း စာမျက်နှာ - ၅